# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၂)ရက် ၊ အင်္ဂါနေ့ ၊ (13-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၆၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးကို စောင့်ရှောက်ခြင်းသည် မိသားစုတစ်စု၏ အနာဂတ်ကို စောင့်ရှောက်ခြင်းဖြစ်**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အငြိမ်းစားကျန်းမာရေးဝန်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆေးကောင်စီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ

စာမျက်နှာ ၁၈ ကော်လံ ၁


**ရတနာပုံ ယနေ့ဖတ်စရာ**

၇၉ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ ကျင်းပမည် — စာမျက်နှာ – ၂၄

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ — စာမျက်နှာ – ၂၀

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ — စာမျက်နှာ – ၂၁


## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၂**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် အောက်တိုဘာ ၁၃ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျှော့ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ တာဝန်ရှိသူများက တမံလျှော့အိကျမှု ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။



**နေပြည်တော် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်မှာ တမံအလျားပေ၂၅၀၊အနံ ၁၀ ပေခန့်မှ မြေသား ၂၇ ပေခန့်ထိ လျှော့ကျခဲ့သည့်အတွက် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိပြီး တမံအနီးရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ

စာမျက်နှာ ၂၆ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# အဖိုးတန်ကျောက်မျက်ရတနာများပေါကြွယ်ဝသော မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် သဘာဝသယံဇာတတွင်းထွက်များနှင့် ကျောက်မျက်ရတနာမျိုးစုံထွက်ရှိသော အဖိုးတန်ရတနာမြေများ ပိုင်ဆိုင်ထားသော နိုင်ငံဖြစ်သည့်အားလျော်စွာ ကမ္ဘာကျော်တန်ဖိုးကြီးအရည်အသွေးမြင့် ကျောက်မျက်ရတနာများဖြစ်သော ကျောက်စိမ်း၊ နီလာ၊ ပတ္တမြား၊ ပုလဲနှင့်အခြားအဖိုးတန်ရတနာများ များစွာထွက်ရှိသည်။

ကျောက်မျက်ရတနာများ ပေါကြွယ်ဝသော မြန်မာနိုင်ငံဒေသအနှံ့အပြားမှထွက်သော တွင်းထွက်ရတနာများမှာ ဒေသအလိုက် ရတနာအမျိုးအစားများကွဲပြားသော်လည်း တန်ဖိုးနှင့်အရည်အသွေးသည် နိုင်ငံတကာတွင် တန်ဖိုးအကြီးဆုံးနှင့် တန်ကြေးအမြင့်ဆုံးကျောက်မျက်ရတနာများအဖြစ် အသိအမှတ်ပြုခြင်းခံထားရသဖြင့် မြန်မာနိုင်ငံကို ပြည်ပနိုင်ငံအများစုက ကျောက်မျက်ရတနာမြေကို ပိုင်ဆိုင်ထားသော နိုင်ငံအဖြစ် အားကျကြသည်။

ထိုသို့မြန်မာနိုင်ငံတစ်ဝန်း ဒေသအလိုက်ထွက်ရှိသော ကျောက်မျက်ရတနာများကို နိုင်ငံအတွင်းတွင် ကျောက်မျက်ရတနာပြပွဲများ ကျင်းပရောင်းချပေးခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိသည့်အပြင် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့်မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ ယခုနှစ်တွင် ၆၁ ကြိမ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။

ယခုကျင်းပသော ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၇ ရက်ထိ နေပြည်တော်မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲ ၇၀၀၊ ကျောက်မျက်အတွဲ ၁၆၀ နှင့် ကျောက်စိမ်းအတွဲ ၃၀၇၃ တွဲတို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးလျက်ရှိသည်။ ထိုသို့ရောင်းချရာတွင် ပုလဲအတွဲများအတွက် ကြမ်းခင်းဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး ငွေပေးချေမှုကို ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်သည်။ ကျောက်မျက်၊ ကျောက်စိမ်းအတွဲများအတွက် ကြမ်းခင်းဈေးကို ယူရိုငွေဖြင့် သတ်မှတ်ထားရှိပြီး ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက ကျပ်ငွေဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကျင်းပရောင်းချပေးခြင်းဖြင့် မြန်မာ့ကျောက်စိမ်းနှင့်ကျောက်မျက်ရတနာများ၏ အဖိုးတန်မှုကို ကမ္ဘာ့နိုင်ငံအသီးသီးက ပိုမိုသိရှိစေနိုင်မည်ဖြစ်သည့်အပြင် ကုန်သွယ်မှုပမာဏတိုးတက်စေခြင်း၊ ကုန်သွယ်မှုအခွင့်အလမ်းကောင်းများရရှိခြင်း၊ ပို့ကုန်ကဏ္ဍမြင့်မားတိုးတက်စေခြင်းတို့ကိုဖြစ်စေမည်ဖြစ်သည်။ မြန်မာနိုင်ငံထွက် တန်ဖိုးမြင့်ကျောက်မျက်ရတနာများကို ပြည်ပနိုင်ငံများသို့ ရောင်းချနိုင်ခြင်းဖြင့် ပြည်တွင်းရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ဆက်စပ်လုပ်ငန်းများတွင် လုပ်ကိုင်ကြသူများအတွက် အကျိုးအမြတ်များရရှိနိုင်မည့်အပြင် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေနှင့် အခွန်အခများကို ရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှရရှိလာသော နိုင်ငံခြားဝင်ငွေနှင့်အခွန်အခများသည်နိုင်ငံသားများအတွက် အကျိုးစီးပွားဖြစ်မည့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် နိုင်ငံအတွက်သာမက နိုင်ငံသားများအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဟုယုံကြည်ပါကြောင်း ရေးသားအပ်ပါသည်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ခင်ဦး အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၇၀၄၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၀ ဒသမ ၆၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၄၇၀၄၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျုံပျော်မြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ



**ကျုံပျော် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ဒေသထွက် မုန်လာဥဖြူများထွက်ရှိပြီး အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ အဆိုပါဒေသထွက်မုန်လာဥဖြူများ တစ်ရက်လျှင် ပိဿာချိန် ၂၅၀၀ မှ ၃၅၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကျုံပျော်မြို့နယ်ကနေ မုန်လာဥဖြူတွေထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ အခုဒေသထွက် မုန်လာဥဖြူတွေ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ဒေသထွက် မုန်လာဥဖြူတွေ အရောင်းအဝယ် လုပ်ရတော့ တောင်သူတွေအပါအဝင် ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်"ဟု ကျုံပျော်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြတ်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် မုန်လာဥဖြူများ ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက် ကုန်စိမ်းသည်များ၊ တောင်သူများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်းကောင်းမွန် လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် ပြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၅၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်အတွက် ကြိုးစား ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြူကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၃၀ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၉ ဒသမ ၆ သန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၅ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၅၅ သန်း ထုတ်ချေးပေးထားကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းထံမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

## သာစည်မြို့နယ် မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မကျီးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မကျီးရိုးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၀၀ ကို ငွေကျပ် ၁၅ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၆၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၀၀ ကို ငွေကျပ် ၁၅ ဒသမ ၆၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၇၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

## ပြင်ဦးလွင်မြို့နယ် ညောင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ညောင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၀၅ သိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးကလိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ဦးကို ရန်ပုံငွေကျပ် ၄၀၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

## ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ကန်ကြီးထောင့် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးအပြင် လယ်ယာထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ဩဂုတ်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ကန်ကြီးထောင့်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ကန်ကြီးထောင့်မြို့နယ်က ဆန်စပါးအပြင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ မနောသုခဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် စက်တင်ဘာလအတွင်းမှာကော လတ်တလောအနေနဲ့ပါ မနောသုခဆန်က အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထား တင်ပို့ရောင်းချနေပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုခဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၉၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ မနောသုခဆန်များ အရောင်းအဝယ်ကောင်းလာသဖြင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## စလင်းမြို့နယ် ရွာသစ်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ချဉ်ကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာ၌ ဒသမ အကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၁ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွာသစ်ကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊အသင်းသူ ၇၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၅ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းစိုး**

## အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ ၁၀၈၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**အရာတော် အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၀၈၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၆၀၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၀၈၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၂ ဒသမ ၃၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နေကြာ ၂၆၀၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေသြဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၂၃)

ပါမောက္ခကိုကိုအောင်




Age, height, and weight all influence vitamin requirements. Children need more vitamins for growth and development, while adults have varying needs based on health maintenance and lifestyle factors.

Prof. Ko Ko Aung

**အရွယ်၊ အရပ်၊ အလေးချိန်နှင့် အာဟာရ လိုအပ်ချက်**

အသက်အရွယ်၊ အရပ်အမြင့်နှင့် ကိုယ်အလေးချိန်တို့အပေါ်မူတည်ပြီး ဗီတာမင်လိုအပ်ချက်ပမာဏကလည်း လိုက်လျောညီထွေ ပြောင်းလဲမှုရှိသည်။

**အသက်အရွယ်နှင့် ဆက်စပ်မှု**

အသက်အရွယ်အပိုင်းအခြားအလိုက် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်စဉ်များနှင့် ကြီးထွားမှုနှုန်းများက ကွဲပြားသောကြောင့် ဗီတာမင် လိုအပ်ချက်ကလည်း ကွဲပြားသည်။ ကလေးဘဝနှင့် ဆယ်ကျော်သက်အရွယ်၏ ခန္ဓာကိုယ်နှင့် ဦးနှောက်ဖွံ့ဖြိုးကြီးထွားမှုအတွက် ဗီတာမင်နှင့် သတ္တုဓာတ်များကို အထူးလိုအပ်သည်။

- ဗီတာမင် D – အရိုးနှင့် သွားများ သန်မာစေရန်အတွက် လိုအပ်သည်။
- ကယ်လ်စီယမ် – အရိုးသိပ်သည်းဆကို မြှင့်တင်ပေးရန်အတွက် လိုအပ်သည်။ (ဗီတာမင် D က ကယ်လ်စီယမ် စုပ်ယူမှုကို ကူညီပေးသည်)
- ဗီတာမင် A – အမြင်အာရုံနှင့် ကိုယ်ခံအားစနစ်ဖွံ့ဖြိုးမှုအတွက် လိုအပ်သည်။
- သံဓာတ် – သွေးအားနည်းရောဂါ မဖြစ်စေရန်နှင့် ကြီးထွားမှုအတွက် လိုအပ်သည်။

လူကြီးအရွယ် (အသက်၂၀ မှ ၅၀ အတွင်း)၌ ဇီဝကမ္မဖြစ်စဉ်များ တည်ငြိမ်ပြီး ကျန်းမာရေးကို ထိန်းသိမ်းရန်အတွက် အာဟာရဓာတ်များကို လိုအပ်သည်။

ကိုယ်ဝန်ဆောင်နှင့် ကလေးနို့တိုက်မိခင်များ၌ ပိုမို၍မြင့်မားသော လိုအပ်ချက်ရှိသည်။ (ဥပမာ – ဖောလစ်အက်စစ်၊ သံဓာတ်နှင့် ကယ်လ်စီယမ်)

သက်ကြီးရွယ်အိုများ (အသက် ၆၀ နှင့်အထက်)၌ အစာစုပ်ယူမှုစွမ်းရည်ကျဆင်းလာခြင်း၊ နေရောင်ခြည်နှင့် ထိတွေ့မှုနည်းပါးလာခြင်း (ဗီတာမင် D ချို့တဲ့နိုင်ခြေ)၊ အရိုးပွရောဂါအန္တရာယ် မြင့်မားလာခြင်းတို့ကြောင့် အာဟာရဓာတ်အချို့ကို ပိုမိုလိုအပ်လေ့ရှိသည်။

- ဗီတာမင် B12 – အစားအစာမှ စုပ်ယူမှုစွမ်းရည်က ကျဆင်းလာလေ့ရှိသည်။
- ဗီတာမင် D နှင့် ကယ်လ်စီယမ် – အရိုး ကျန်းမာရေးအတွက် အထူးအရေးကြီးသည်။
- ပရိုတင်း – ကြွက်သားထုထည် ဆုံးရှုံးမှု (Sarcopenia) ကို ကာကွယ်ရန်အတွက် လိုအပ်သည်။

**ကိုယ်အလေးချိန်၊ အရပ်အမြင့်တို့နှင့် ဆက်စပ်မှု**

ဗီတာမင်များထဲ၌ အဆီတွင် ပျော်ဝင်သော ဗီတာမင်အုပ်စုနှင့် ရေတွင်ပျော်ဝင်သော ဗီတာမင်အုပ်စုဟူ၍ အုပ်စုနှစ်စုရှိသည့်အနက် ဗီတာမင် A ဗီတာမင် D၊ ဗီတာမင် E နှင့် ဗီတာမင် K တို့က အဆီတွင်ပျော်ဝင်သော ဗီတာမင်များဖြစ်ကြသည့်အားလျော်စွာ ၎င်းဗီတာမင်များကို ခန္ဓာကိုယ်ထဲရှိ အဆီဆဲလ်များနှင့် အသည်းတို့၌ သိုလှောင်ထားသည်။

**ကိုယ်အလေးချိန်**

ကိုယ်အလေးချိန်များလေလေ တစ်နည်းအားဖြင့် ခန္ဓာကိုယ်၏ အဆီပမာဏက များလေလေ၊ ဖော်ပြပါ ဗီတာမင်များကို သိုလှောင်နိုင်စွမ်းက ပို၍များလေလေဖြစ်ပြီး လိုအပ်ချက်ပမာဏကလည်း အနည်းငယ်ပို၍များပြားလာနိုင်သည်။ အထူးသဖြင့် အဆီတွင်သိုလှောင်သော ဗီတာမင် D ကို ပိုမိုလိုအပ်လာသောကြောင့် ကိုယ်အလေးချိန်များသူတို့၌ ဗီတာမင် D ချို့တဲ့မှုက ပို၍ဖြစ်နိုင်ခြေရှိကြောင်း သုတေသနပြုလေ့လာချက်များစွာတို့က ဖော်ပြလျက်ရှိနေသည်။

ရေတွင်ပျော်ဝင်သော ဗီတာမင်များဖြစ်ကြသည့် ဗီတာမင် B အုပ်စုနှင့် ဗီတာမင် C တို့ကလည်း ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏနှင့်ဆက်စပ်မှုရှိနေသည်။

**❖ အကြောင်းရင်းမှာ အသက်အရွယ်၊ အရပ်အမြင့်နှင့် ကိုယ်အလေးချိန်တို့က ဗီတာမင်လိုအပ်ချက်အပေါ် သက်ရောက်မှုရှိနေခြင်းကြောင့်ဖြစ်သည်။ ကလေးများ၏ ကြီးထွားဖွံ့ဖြိုးမှုအတွက် ဗီတာမင်များကို ပိုမိုလိုအပ်သကဲ့သို့ အရွယ်ရောက်ပြီးသူများ၌လည်း ကျန်းမာရေးထိန်းသိမ်းရန်နှင့် လူနေမှုပုံစံတို့အရ လိုအပ်ချက်က ကွဲပြားကြသည်။ သက်ကြီးရွယ်အိုများဆိုလျှင် အစာစုပ်ယူမှုနည်းပါးခြင်း၊ အရိုးပွနိုင်ခြေများခြင်းတို့ကြောင့် ဗီတာမင် D၊ ကယ်လ်စီယမ်နှင့် ဗီတာမင် B12 စသည်တို့ကို ပိုမိုလိုအပ်သည်။ ကိုယ်အလေးချိန်များသူတို့၌ အဆီတွင်ပျော်ဝင်သောဗီတာမင်များ (အထူးသဖြင့် ဗီတာမင် D)ချို့တဲ့နိုင်ခြေက ပို၍များနေတတ်သည်။ ❖**

ကိုယ်အလေးချိန်များသူတို့၌ ဇီဝကမ္မဖြစ်စဉ်များက ပိုမို၍အလုပ်လုပ်ရသည့်အတွက် ဗီတာမင် B အုပ်စု လိုအပ်ချက်က အနည်းငယ်မြင့်တက်လာနိုင်သည်။

**အရပ်အမြင့်**

အရပ်ရှည်သူများတွင် ခန္ဓာကိုယ်၏ဆဲလ်အရေအတွက်၊ သွေးပမာဏနှင့် အရိုး၏အရွယ်အစားတို့က ပိုမိုများပြားကြီးမားနေကြသည့်အားလျော်စွာ ခန္ဓာကိုယ်တစ်ခုလုံး၏ လုပ်ငန်းစဉ်များ အတွက် ဗီတာမင်နှင့် သတ္တုဓာတ်များကိုလည်း အနည်းငယ်ပိုမိုလိုအပ်ကြသည်။ အထူးသဖြင့် အရိုး၏ ကျန်းမာရေးအတွက် ဗီတာမင် D၊ ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်နှင့် ဖော့စဖရတ်တို့က အရပ်ရှည်သူများ၌ ပိုမို၍ လိုအပ်ကြသည်။

**အာဟာရပညာရှင်၏ တွက်ချက်မှု**

အာဟာရပညာရှင်များက လူတစ်ဦးချင်းစီ၏ ဗီတာမင် လိုအပ်ချက်ကို တိကျစွာသိရှိနိုင်ရန် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားလေ့ရှိကြသည် –

- BMR(Basal-Metabolic Rate) – ခန္ဓာကိုယ် အခြေခံဇီဝကမ္မလုပ်ငန်းများအတွက် လိုအပ်သောစွမ်းအင်
- BMI(Body-Mass Index) – ကိုယ်အလေးချိန်နှင့် အရပ်အမြင့်အချိုးအစား
- လှုပ်ရှားမှုပမာဏ – ကိုယ်ကာယ လေ့ကျင့်ခန်းပြင်းထန်မှုအဆင့်
- ကျန်းမာရေး အခြေအနေ – ကိုယ်ဝန်ဆောင်ခြင်း၊ နာတာရှည်ရောဂါအခံရှိခြင်းစသည်..

အကြောင်းရင်းမှာ အသက်အရွယ်၊ အရပ်အမြင့်နှင့် ကိုယ်အလေးချိန်တို့က ဗီတာမင် လိုအပ်ချက်အပေါ် သက်ရောက်မှုရှိနေခြင်းကြောင့်ဖြစ်သည်။ ကလေးများ၏ ကြီးထွားဖွံ့ဖြိုးမှုအတွက် ဗီတာမင်များကို ပိုမိုလိုအပ်သကဲ့သို့ အရွယ်ရောက်ပြီးသူများ၌လည်း ကျန်းမာရေးထိန်းသိမ်းရန်နှင့် လူနေမှုပုံစံတို့အရ လိုအပ်ချက်က ကွဲပြားကြသည်။

သက်ကြီးရွယ်အိုများဆိုလျှင် အစာစုပ်ယူမှုနည်းပါးခြင်း၊ အရိုးပွနိုင်ခြေများခြင်းတို့ကြောင့် ဗီတာမင် D၊ ကယ်လ်စီယမ်နှင့် ဗီတာမင် B12 စသည်တို့ကို ပိုမိုလိုအပ်သည်။ ကိုယ်အလေးချိန်များသူတို့၌ အဆီတွင် ပျော်ဝင်သော ဗီတာမင်များ (အထူးသဖြင့် ဗီတာမင် D)ချို့တဲ့နိုင်ခြေက ပို၍များနေတတ်သည်။

အရပ်ရှည်သူများမှာ ခန္ဓာကိုယ်အရွယ်အစားကြီးမားကြသောကြောင့် ဗီတာမင်နှင့် သတ္တုဓာတ် လိုအပ်ချက်က အနည်းငယ်ပို၍များနိုင်ခြေရှိသည်။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကျောက်မြောင်း အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၉၀၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင်ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၃ ဒသမ ၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲတီစိမ်း ၃၉၀၆ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ ရှိတယ်၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

## ပဲခူးမြို့နယ် အညာစုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ပဲခူး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အညာစုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများက အညာစုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာတော့မည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

သန္တာ

## ရိုးရာဂီတထိန်းသိမ်းကြ

- စည်းနဲ့ဝါး စည်းနဲ့ဝါးဟု
ညှိထားနရီ ဘက်စုံစီအောင်
ထားသည်စည်းကမ်း ထုံးတမ်းမဝေး
ကြေးကြိုးသားရေ လေနှင့်လက်ခုပ်
လေးချက်အုပ်ချီ မူတည်မသွေ
ကောင်းမွေဆက်ခံ မြန်မာ့ဟန်ကို
ရှင်သန်စေရေး တည်တံ့ရေးဟု
ချင့်တွေးဆင်နွှဲ သဘင်ပွဲ။

- တိုင်းဒေသကြီး အသီးသီးပြည်နယ်
ရွေးချယ်အဆင့်ဆင့် မျိုးဂုဏ်တင့်မည့်
ပွင့်ပန်းပမာ စုံလင်စွာတည့်
ဝါသနာရှင် ပညာရှင်ဟု
မြှင့်တင်နိုင်ကြ ထိန်းနိုင်ကြဖို့
ဆို က ရေး တီး အသီးသီးမှ
စည်းလုံးချစ်ကြည် နောင်ရင်းညီသို့
ခိုင်ကျည်တွဲလက် ဘယ်မပျက်အောင်
ဆက်၍သည်မှ ကောင်းကျိုးရလိမ့်
လှဂုဏ်ဆောင်မည့်ဒီသဘင်ပွဲ။

- ညီနောင်စုံစွ သည်ပွဲမှလျှင်
ရှိကြထင်ရှား ရိုးရာများဟု
နောက်သားနောင်လာ နောင်အခါ၌
ခိုင်မာဆစ်ထု ယဉ်ကျေးမှုကို
ရှေးရှုမှန်ကန် တည်တံ့ရန်တည့်
ဆက်ခံဆင်နွှဲ သည်သဘင်ပွဲ။

- လူမျိုးဟူသည် တူညီစိတ်ဝမ်း
ပန်းတိုင်အရောက် မဖောက်မသွေ
ခြေလှမ်းအတူ မငြူစူတမ်း
စိတ်ဝမ်းမကွဲ အမြဲချစ်ခင်
ပြစ်မမြင်ဘဲ လက်တွဲသူများ
ညီနောင်များမို့ မခြားတူယှဉ်
ဤသဘင်မှ ပီပြင်ချစ်ခြင်း
လက်ဆောင်နှင်းလျက် မယွင်းပြည်ရွာ
ငြိမ်းချမ်းသာဖို့ မကြာဆောင်ပို့နိုင်စေသောဝ်။ ။

ဘိုမျိုး(ရွှေဘို)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ရုရှားနှင့် ယူကရိန်းတို့ကြား စွမ်းအင်ကဏ္ဍ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူထားဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၁၂**

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ကြား စွမ်းအင်ကဏ္ဍ အပစ်အခတ်ရပ်စဲရေးအတွက် သဘောတူညီချက်တစ်ရပ် ရယူထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ဖော် ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့ကြား စွမ်းအင်ကဏ္ဍ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မှာ စတင်အာဏာသက်ဝင် နေပြီဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။

အဆိုပါ စွမ်းအင်ကဏ္ဍအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်နှင့်ပတ်သက်၍ အသေးစိတ် အချက်အလက်များကို သမ္မတဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အဆိုပါ ကြေညာချက်ကို မိမိတို့အနေဖြင့် ကြိုဆိုနေသော်လည်း ရုရှားနိုင်ငံက ကီယက်ဗ်မြို့နှင့် ခါကစ်ဗ်မြို့တို့ရှိ ယူကရိန်း စွမ်းအင်ကဏ္ဍ အခြေခံအဆောက်အအုံများကို ဆက်လက်တိုက်ခိုက်နေဆဲဖြစ်ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ပြောကြားထားသည်။

ရုရှားနိုင်ငံက ယူကရိန်း၏စွမ်းအင်စနစ်များ တိုက်ခိုက်မှုကိုရပ်တန့်ပါက ယူကရိန်းနိုင်ငံကလည်း ရုရှားရေနံချက်စက်ရုံများ တိုက်ခိုက်မှုကို ရပ်တန့်မည်ဟု ယူကရိန်းသမ္မတ ဇီလန်စကီးကပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဘလစ်စတစ်ဒုံးကျည်များ မြောက်ကိုရီးယားနိုင်ငံ ပစ်လွှတ်




**ဆိုးလ် အောက်တိုဘာ ၁၂**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် အရှေ့ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ ဘလစ်စတစ် ဒုံးကျည်များ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ဘလစ်စတစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုသည် မြောက်ကိုရီးယားနိုင်ငံက ယခုလအတွင်းပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက် စမ်းသပ်ပစ်လွှတ်မှုဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့တွင် ပြုံယမ်းမြို့အနီးမှ တစ်ဆင့် ဘလစ်စတစ်ဒုံးကျည်များကို ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား တပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံက ပစ်လွှတ်ခဲ့သော ဒုံးကျည်များအနက် အမျိုးအစားတစ်မျိုးမှာ ကီလိုမီတာ ၉၀၀ (၅၅၉) မိုင်ထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်၏ အဆိုအရ သိရသည်။

မြောက်ကိုရီးယား နိုင်ငံက ယနေ့တွင် ဘလစ်စတစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ပြီးနောက် တောင်ကိုရီးယား အမျိုးသားလုံခြုံရေးရုံးက အရေးပေါ်အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြောင်း တောင်ကိုရီးယားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံကြား နယ်စပ်မြေမြှုပ်မိုင်းပေါက်ကွဲမှုများကြောင့် ဆက်ဆံရေးတင်းမာနေချိန်တွင် မြောက်ကိုရီးယားနိုင်ငံက ဘလစ်စတစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဆော်ဒီအာရေဗျ၏ ကင်းခါလစ်နိုင်ငံတကာလေဆိပ် ဒုံးကျည်ဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခံရ



**ရီယာ့ဒ် အောက်တိုဘာ ၁၂**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ ကင်းခါလစ်နိုင်ငံတကာလေဆိပ်၌ အောက်တိုဘာ ၁၁ ရက်တွင် ထပ်မံတိုက်ခိုက်ခံရပြီး လူတစ်ဦးသေဆုံး၍ ၁၂ ဦးဒဏ်ရာရခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် လူ ၁၃ ဦးသေဆုံး၍ ဦးရေ ၃၀၀ ကျော်ဒဏ်ရာရခဲ့ပြီး တစ်ရက်အကြာတွင် ကင်းခါလစ်နိုင်ငံတကာလေဆိပ် ထပ်မံတိုက်ခိုက်ခံရခြင်းဖြစ်သည်။

အောက်တိုဘာ ၁၁ ရက်တွင် ကင်းခါလစ်လေဆိပ် လေဆိပ်ဆောင်အမှတ်(၄)ကို ဒုံးကျည်တစ်စင်းဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခံရပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဆော်ဒီအာရေဗျအာဏာပိုင်များက ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း လူတစ်ဦးသေဆုံး၍ ၁၂ ဦးဒဏ်ရာရခဲ့ကြောင်း ဆော်ဒီအာရေဗျ အရပ်ဘက် လေကြောင်းအာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ကင်းခါလစ်နိုင်ငံတကာလေဆိပ်အနီးတွင်လည်း ခရုစ်ဒုံးကျည်တစ်စင်းကို ကြားဖြတ်တားဆီးနိုင်ခဲ့ကြောင်း ဆော်ဒီအာရေဗျဦးဆောင်သည့် ပင်လယ်ကွေ့ညွန့်ပေါင်းအုပ်စုက ထုတ်ဖော်ပြောကြားထားသည်။

ကင်းခါလစ် နိုင်ငံတကာလေဆိပ် အကြိမ်ကြိမ်တိုက်ခိုက်ခံရမှုသည် ဟူသီလက်နက်ကိုင်အဖွဲ့ကို လေကြောင်းစစ်ဆင်ရေးဆင်နွှဲနေသော ဆော်ဒီအာရေဗျနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေး စွမ်းဆောင်ရည်အားနည်းချက်များကို ပြသလျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဂျီဘူတီနိုင်ငံမှ ယီမင်နိုင်ငံသို့ ဦးတည်နေသော ရေယာဉ်နစ်မြုပ် ရွှေ့ပြောင်းဝင်ရောက်သူ ၁၃၉ ဦးသေဆုံး၍ ၈၄ ဦးပျောက်ဆုံး

**ဆာနား အောက်တိုဘာ ၁၂**

ဂျီဘူတီနိုင်ငံမှ ယီမင်နိုင်ငံဘက်သို့ ဦးတည်မောင်းနှင်နေသော ရေယာဉ်တစ်စီး နစ်မြုပ်မှုကြောင့် ကလေး ၁၅ ဦးအပါအဝင် ရွှေ့ပြောင်းဝင်ရောက်သူ ၁၃၉ ဦး သေဆုံး၍ ၈၄ ဦးပျောက်ဆုံးနေကြောင်း ကုလသမဂ္ဂက အောက်တိုဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ရေယာဉ်သည် ဂျီဘူတီနိုင်ငံ အိုဘော့ခ်မြို့ မြောက်ဘက် ပင်လယ်ရေပြင်အတွင်း အောက်တိုဘာ ၉ ရက်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂနိုင်ငံတကာလူဝင်မှုအဖွဲ့ (အိုင်အိုအမ်) သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နစ်မြုပ်ခဲ့သော ရေယာဉ်ပေါ်တွင် ရွှေ့ပြောင်းဝင်ရောက်သူ ၃၀၅ ဦး လိုက်ပါလာပြီး အများစုမှာ အီသီယိုးပီးယား နိုင်ငံသားများ ဖြစ်ကြသည်။

ယခုနှစ် ဇန်နဝါရီလနှင့် အောက်တိုဘာလကြား ကာလအတွင်း အီသီယိုးပီးယားနိုင်ငံမှ ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၁၇၈၀၀၀ ဂျီဘူတီနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း အိုင်အိုအမ် တာဝန်ရှိသူများက ပြောကြားထားသည်။

ယီမင်နိုင်ငံသည် ချမ်းသာကြွယ်ဝသည့် ပင်လယ်ကွေ့ အာရပ်နိုင်ငံများသို့ သွားရောက်လိုသောရွှေ့ပြောင်းဝင်ရောက်သူများ အတွက် အဓိက ကြားစခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ခိုင်ဘာပွတ်ရှ်တွန်ဝါပြည်နယ် အရေးပေါ်အခြေအနေပြဋ္ဌာန်းချက် ပါကစ္စတန် အစိုးရကြေညာ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံနှင့်နယ်စပ်ချင်းထိစပ်နေသော ပါကစ္စတန်အနောက်မြောက်ပိုင်း ခိုင်ဘာပွတ်ရှ်တွန်ဝါပြည်နယ် အတွက် အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်ကို ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီက အောက်တိုဘာ ၁၁ ရက်တွင် ကြေညာခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ခိုင်ဘာပွတ်ရှ်တွန်ဝါ ပြည်နယ်အစိုးရအဖွဲ့သည် ပါကစ္စတန် ဝန်ကြီးချုပ်ဟောင်း အိမရန်းခန်၏ ပါကစ္စတန် တီရစ်အီးအင်းဆက်ဖ်ပါတီ(ပီတီအိုင်)က ဦးဆောင်သော ပြည်နယ်အစိုးရဖြစ်သည်။

အိမရန်းခန် ပြည်လည်လွှတ်မြောက်ရေးအတွက် ၎င်းကို ထောက်ခံသူများက အစ္စလာမ္မာဘတ်မြို့သို့ ချီတက်ရန်စီစဉ်ထားချိန်တွင်ပါကစ္စတန်အစိုးရကခိုင်ဘာပွတ်ရှ်တွန်ဝါ ပြည်နယ်အတွက် အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက် ကြေညာခဲ့ခြင်းဖြစ်သည်။



ပါကစ္စတန် ဖက်ဒရယ်အစိုးရကြေညာထားသည့် အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်အရ ခိုင်ဘာပွတ်ရှ်တွန်ဝါ ပြည်နယ်အုပ်ချုပ်ရေးကို ဖက်ဒရယ်အစိုးရကိုယ်စားပြုသည့် အုပ်ချုပ်ရေးမှူးတစ်ဦးက တာဝန်ယူမည် ဖြစ်သည်။

ပြီးခဲ့သည့် နှစ်များအတွင်း ခိုင်ဘာပွတ်ရှ်တွန်ဝါ ပြည်နယ်၌ လက်နက်ကိုင် အကြမ်းဖက်မှုများဖြစ်ပွားနှုန်းမှာ ၁၉၆ ရာခိုင်နှုန်းထိ မြင့်တက်လာသည်ဟု ပါကစ္စတန်အစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# တရုတ်အမျိုးသားအာကာသအေဂျင်စီက အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအုပ်စုတစ်ခုကို အောင်မြင်စွာလွှတ်တင်



ပေကျင်း အောက်တိုဘာ ၁၂

တရုတ် အမျိုးသားအာကာသ အေဂျင်စီသည် အင်တာနက်ဝန် ဆောင်မှုဂြိုဟ်တုအုပ်စု တစ်ခု ကို အောက်တိုဘာ ၁၀ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ အင်တာနက်ဝန် ဆောင်မှုဂြိုဟ်တုအုပ်စုကို တရုတ် နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဟိုင်နန် ဂြိုဟ်တုလွှတ်တင်ရေး စခန်းမှတစ်ဆင့် လောင်းမတ်ချ်-၁၂ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၁၂ ဒုံးပျံ သည် အထက်ပါ အင်တာနက်ဝန်ဆောင် မှု ဂြိုဟ်တုများကို သတ်မှတ်ပတ် လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင် နိုင်ခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ အင်တာနက်ဝန်ဆောင် မှုဂြိုဟ်တုအုပ်စုသည် တရုတ် အမျိုးသား အာကာသအေဂျင်စီ က လွှတ်တင်ခဲ့သည့် ၂၇ သုတ် မြောက် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု အုပ်စုဖြစ်သည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် ကမ္ဘာပတ်လမ်း အနိမ့်ပိုင်း အင်တာနက်ဝန်ဆောင် မှုဂြိုဟ်တုကွန်ရက်ကို အာကာသ အခြေစိုက် အင်တာနက်နှင့်ဆက် သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ အတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၀ ရက်မစ်ရှင် သည် လောင်းမတ်ချ်ဒုံးပျံအုပ်စု၏ ၆၆၇ ကြိမ်မြောက် အာကာသ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# သောက်ဆေးတစ်မျိုးက ပါကင်ဆန်ရောဂါ ကုသရာတွင် အထောက်အကူပြုနိုင်

နယူးယောက် အောက်တိုဘာ ၁၂

နောက်ဆုံးအဆင့် စမ်းသပ်မှု များမှ ပေါ်ထွက်လာသည့် ရလဒ် များအရ နေ့စဉ်သောက်ဆေး တစ်မျိုးသည် ပါကင်ဆန်ရောဂါကို ကုသရာတွင် များစွာအထောက် အကူပြုနိုင်ကြောင်း အောက်တို ဘာ ၁၁ ရက် သတင်းများအရ သိရသည်။

အဆိုပါဆေးသည် နှစ်ပေါင်း များစွာအတွင်း ပထမဆုံးပေါ်ထွက် လာသည့် ပါကင်ဆန်ရောဂါ ဆေးဝါးသစ် ဖြစ်လာနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်တွေ့ စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အထက်ပါသောက်ဆေးသစ်သည် ပါကင်ဆန်ရောဂါနှင့်ဆက်စပ်နေ သည့် ကိုယ်ခန္ဓာတောင့်တင်းမှု၊ လှုပ်ရှားမှုများ နှေးကွေးမှု၊ တုန်တုန်ယင်ယင်ဖြစ်မှုများ ခံစား ရသည့်အချိန်ကို လျှော့ချပေးနိုင် ကြောင်း သိရသည်။

ထို့ပြင် Solengepras အမည်ရှိ အထက်ပါဆေးကြောင့် ပါကင် ဆန်လူနာများအတွက် အဝတ် အစားဝတ်ခြင်း၊ အစားစားခြင်း ကဲ့သို့ နေ့စဉ်တာဝန်များ ပြုလုပ်ရာ တွင် ပိုမိုလွယ်ကူလာပြီး လူနာများ ၏ ဘဝအရည်အသွေးများကို မြှင့် တင်ပေးနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Solengepras ဆေးကို ဘော် စလွန်မြို့တော်အခြေစိုက် ဇီဝနည်း ပညာကုမ္ပဏီတစ်ခုဖြစ်သည့် Cerevance ကုမ္ပဏီက ဖန်တီးထား ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်လာပြီဖြစ်

ဝါရှင်တန် အောက်တိုဘာ ၁၂

အမေရိကန်နိုင်ငံ အခြေစိုက် နော့သ်ရော့ဂရူးမင်း ကုမ္ပဏီ၏ ဆိုက်ဂနက်စ် အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည် ခွာထွက်လာပြီဖြစ် ကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ဆိုက်ဂနက်စ် အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ခြောက်လကြာ ဆိုက်ကပ်ခဲ့ပြီး နောက် ကမ္ဘာမြေသို့အပြန်ခရီး အတွက် ပြန်လည်ခွာထွက်လာခဲ့ ခြင်းဖြစ်သည်။

ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအထက် အမြင့် မိုင် ၂၆၀ အကွာ ကမ္ဘာပတ်လမ်း ပေါ်၌ နိုင်ငံတကာ အာကာသစခန်း မှ ပြန်လည်ခွာထွက်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

ဆိုက်ဂနက်စ် အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းမှ



ခွာထွက်ခဲ့ပြီးနောက် ကမ္ဘာ့လေထု လွှာအတွင်း ပြန်လည်ဝင်ရောက် ဖွယ်ရှိသည်။

နော့သ်ရော့ဂရူးမင်း ကုမ္ပဏီ သည် ဆိုက်ဂနက်စ်အိတ်စ်အယ်လ် အာကာသကုန်တင်ယာဉ်ကို ယခု နှစ် ဧပြီ ၁၁ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့သည်။

ဆိုက်ဂနက်စ် အိတ်စ်အယ်လ် အာကာသ ကုန်တင်ယာဉ်သည် အလေးချိန် ပေါင် ၁၁၀၀၀ (ကီလို ဂရမ် ၄၉၉၀)ရှိသည့် စားနပ်ရိက္ခာ နှင့် သိပ္ပံပညာစမ်းသပ်ပစ္စည်းများ ကို နိုင်ငံတကာ အာကာသစခန်းသို့ သယ်ယူသွားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ဗြိတိန်ပြည်သူ စားသုံးမှုအများဆုံး ကောက်ပဲသီးနှံနှင့် ဟင်းသီးဟင်းရွက်များ၏ အာဟာရတန်ဖိုးများ ပိုမိုကျဆင်းလာ

လန်ဒန် အောက်တိုဘာ ၁၂

ဂျုံ၊ ပန်းသီးနှင့် မုန်လာဥနီ အပါအဝင် ဗြိတိန်ပြည်သူစားသုံးမှု အများဆုံး ကောက်ပဲသီးနှံနှင့် ဟင်းသီးဟင်းရွက်များ၏ အာဟာရ တန်ဖိုးများ ပိုမိုကျဆင်းလာ ကြောင်း သုတေသနပညာရှင်များ ၏အဆိုကိုကိုးကား၍ အောက်တို ဘာ ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက် ပါ ဟင်းသီးဟင်းရွက်နှင့်ကောက်ပဲ သီးနှံများ၏ အာဟာရတန်ဖိုး ကျဆင်းလာမှုသည် မြေဆီလွှာ အရည်အသွေး ကျဆင်းမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

Deep Science Ventures အမည်ရှိ နည်းပညာကုမ္ပဏီမှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဟင်းသီး ဟင်းရွက်နှင့် ကောက်ပဲသီးနှံအများ စုမှာ ပိုတက်စီယမ်၊ သံဓာတ်၊ ဆီလီနီယမ်နှင့် သွပ်ဓာတ်အပါ အဝင် အဓိကအာဟာရဓာတ်များ ကို ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း ထိ ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်နှင့် ကောက် ပဲသီးနှံများ၏ အာဟာရဓာတ်များ ဆုံးရှုံးမှုကြောင့် အလုပ်လုပ်ကိုင် နိုင်သည့် အသက်အရွယ်ရှိသူ ငါး သန်းခန့်တို့မှာ အာဟာရဓာတ် ချို့တဲ့မှုပြဿနာနှင့် ရင်ဆိုင်ရနိုင် သည်ဟု သုတေသနပညာရှင် များက သတိပေးထားကြောင်း သိရသည်။

အထူးသဖြင့် ဆီလီနီယမ် ဓာတ် ချို့တဲ့မှုကြောင့် ခုခံအားစနစ် အားနည်းလာတတ်ပြီး နှလုံး ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာ နိုင်ကြောင်း သုတေသနပညာရှင် များက ပြောကြားသည်။

Ref : Sputnik News
Trs : KKO



# အမေရိကန်အာကာသတပ်ဖွဲ့၏ သတင်းအချက်အလက်စုဆောင်းရေး ဂြိုဟ်တုအုပ်စုကို စပေ့စ်အိတ်ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်ပေးခဲ့

ဝါရှင်တန် အောက်တိုဘာ ၁၂

အမေရိကန် အာကာသတပ်ဖွဲ့ ၏ သတင်းအချက်အလက် စုဆောင်းရေး ဂြိုဟ်တုအုပ်စုကို စပေ့စ်အိတ်ကုမ္ပဏီက အောက်တို ဘာ ၁၀ ရက်တွင် အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း အောက် တိုဘာ ၁၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ သတင်းအချက် အလက်စုဆောင်းရေးဂြိုဟ်တု ၂၁ စင်းအား သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီ ဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ် တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးမကြာမီ ဖယ်လ် ကွန်-၉ ဒုံးပျံသည် အဆိုပါဂြိုဟ်တု များကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း စပေ့ အိတ်ကုမ္ပဏီက သတင်းထုတ် ပြန်ထားသော်လည်း အသေးစိတ် အချက်အလက်များကို ထုတ်ဖော် ပြောကြားခြင်းမရှိပေ။

စပေ့စ်အိတ် ကုမ္ပဏီသည် အထက်ပါမစ်ရှင်ကို မူလက အောက်တိုဘာ ၅ ရက်တွင် လွှတ် တင်ရန် ကြိုးပမ်းခဲ့သော်လည်း ထုတ်ဖော်ကြေညာခြင်းမရှိသည့် အကြောင်းတရားတစ်ရပ်ကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဖျက် သိမ်းခဲ့ရသည်။

အောက်တိုဘာ ၁၀ ရက်မစ်ရှင် သည် အမေရိကန် အာကာသ တပ်ဖွဲ့၏ Tranche-1 ဂြိုဟ်တု ကွန်ရက်အတွက် စပေ့စ်အိတ် ကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် စတုတ္ထမြောက်မစ်ရှင်ဖြစ်ကြောင်း၊ Tranche-1 ဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုစင်းရေ ၁၅၄ စင်းဖြင့် ဖွဲ့စည်းတည်ဆောက်ရန် စီစဉ် ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ဂျိုရှုအာဗန်က နောက်ထပ် ချန်ပီယံခါးပတ်ကာကွယ် ပွဲစဉ်အဖြစ် မာနယ်ကပ်နှင့်ထိုးသတ်ရန် အကြိုသဘောတူညီမှုရရှိ




**ဝါရှင်တန် အောက်တိုဘာ ၁၂**

လက်ရှိ UFC ဖလိုင်းဝိတ်တန်း ချန်ပီယံ မြန်မာဖိုက်တာ ဂျိုရှုအာဗန်နှင့် စိန်ခေါ်သူ အမေရိကန်ဖိုက်တာ မာနယ်ကပ်တို့ကြား ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် ထိုးသတ်ရန် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိရာ အကြိုသဘောတူညီမှုရရှိထားကြောင်းUFC Stats သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုရှုအာဗန်သည် ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် နှစ်ကြိမ်ထိုးသတ်ခဲ့ပြီး နောက်ဆုံး ကာကွယ်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် စက်တင်ဘာ ၁၉ ရက်က ချန်ပီယံဟောင်းဖြစ်သည့် ဘရာဇီးဖိုက်တာ ပန်တိုဂျာနှင့် ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် အနိုင်ရပြီးနောက် ဒုတိယအကြိမ် ချန်ပီယံ ခါးပတ်ကို ကာကွယ်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် မာနယ်ကပ်သည် အစောပိုင်းကတည်းက ဂျိုရှုအာဗန်၏ UFC ဖလိုင်းဝိတ်တန်းချန်ပီယံ ခါးပတ်အတွက် စိန်ခေါ်ထိုးသတ်လိုသည်ဟုပြောကြားထားပြီး ဂျိုရှုအာဗန်အနေဖြင့် ပန်တိုဂျာနှင့် ထိုးသတ်ခဲ့သည့် ပွဲစဉ်အပြီးတွင် နောက်ထပ် ကာကွယ်ပွဲစဉ်အဖြစ် မာနယ်ကပ်နှင့် ထိုးသတ်ရန် ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ဂျိုရှုအာဗန်နှင့် မာနယ်ကပ်တို့ ပွဲစဉ်ကို လာမည့် ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် UFC 336 ပြိုင်ပွဲ၌ ထိုးသတ်ရန် ဆွေးနွေးနေခြင်းဖြစ်ပြီး လက်ရှိတွင် အကြိုသဘောတူညီမှုရရှိထားသည့် အဆင့်သာ ရှိသေးကြောင်း သိရသည်။

Ref : UFC Stats

Trs : STA

# အမျိုးသမီးတင်းနစ်ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရိုင်ဘာကီနာ ထိပ်ဆုံး၌ ဆက်လက်ရပ်တည်

**ဝါရှင်တန် အောက်တိုဘာ ၁၂**

ကမ္ဘာ့တင်းနစ် အဖွဲ့ချုပ်၏ နောက်ဆုံးကမ္ဘာ့အဆင့် သတ်မှတ်ချက်ထုတ်ပြန်ချက်မှ အမျိုးသမီး ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ကာဇက်စတ်တင်းနစ်မယ် ရိုင်ဘာကီနာက ကမ္ဘာ့အဆင့်(၁)နေရာ၌ ဆက်လက်ရပ်တည်ခဲ့ကြောင်း AGTP Tennnis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်ဘာကီနာသည် ပြီးခဲ့သည့် လအတွင်း ကျင်းပခဲ့သည့် U.S.Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်၌ ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာကိုကျော်ဖြတ်ပြီး ကမ္ဘာ့အဆင့်(၁)နေရာ ရရှိခဲ့ခြင်းဖြစ်သည်။

ရိုင်ဘာကီနာသည် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒဏ်ရာကြောင့် နုတ်ထွက်ခဲ့ရသော်လည်း ကမ္ဘာ့အဆင့် သတ်မှတ်ချက် နောက်ဆုံး ထုတ်ပြန်ချက်၌ ရမှတ် ၉၆၉၆မှတ်ဖြင့် အဆင့်(၁)နေရာ၌ ဆက်လက် ရပ်တည်ခဲ့ခြင်း ဖြစ်သည်။

နောက်ဆုံး ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့် သတ်မှတ်ချက်၌ ရိုင်ဘာကီနာ၏ နောက်တွင် ဆာဘာလင်ကာက ရမှတ် ၇၅၅၀ ဖြင့်အဆင့်(၂)၊ ရုရှားတင်းနစ်မယ် အန်ဒရီဗာက ၆၃၇၁ မှတ်ဖြင့် အဆင့်(၃)၊ အမေရိကန်တင်းနစ်မယ်များဖြစ်သည့် ပီဂူလာက ၆၂၂၅ မှတ်ဖြင့် အဆင့်(၄)၊ ကိုကိုဂက်ဖ်က ၅၉၄၇မှတ်ဖြင့်အဆင့်(၅)၊ ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာက ၅၀၂၄ မှတ်ဖြင့် အဆင့်(၆)၊ ချက် တင်းနစ်မယ်များဖြစ်သည့် မူချိုဗာက ၄၇၇၃ မှတ်ဖြင့် အဆင့်(၇)၊ နေ့ခ်ျကိုဗာက ၄၆၇၉မှတ်ဖြင့် အဆင့်(၈)၊ ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က ၃၉၉၉ မှတ်ဖြင့် အဆင့်(၉)၊ ယူကရိန်းတင်းနစ်မယ် ကော့ယူခ်က ၃၉၁၀ မှတ်ဖြင့် အဆင့်(၁၀)နေရာတွင် ရပ်တည်ခဲ့ကြောင်းသိရသည်။

Ref : AGTP Tennnis

Trs : STA

# မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ကိုယ်စီအနိုင်ရပြီး ရောဝတီယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၁၂**




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၃) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ကိုယ်စီအနိုင်ရပြီး ရောဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၉)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် ဖယ်ကွန်အက်ဖ်စီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန်မိနစ် ၃၀ တွင် ဇေထက်အောင်၊ ပွဲချိန် မိနစ် ၉၀ပြည့်ပြီး အချိန်ပို နှစ်မိနစ်တွင် ကျော်ညီညီက သွင်းယူခဲ့ပြီး ဖယ်ကွန်အက်ဖ်စီ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် အောင်သူလှိုင်က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဗဟန်း အားကစားကွင်းတွင် ရောဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ကစားရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရောဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၈ မိနစ်နှင့် မိနစ် ၆၀တို့တွင် ကောင်းခန့်ကျော်က သွင်းယူခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၈ မိနစ်နှင့် ၄၉ မိနစ်တို့တွင် ရှိုင်းအောင်က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက ၁၁ ဂိုးဂိုးမရှိဖြင့် အနိုင်ရပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကိုပွဲချိန် ၁၂မိနစ်နှင့် ၂၇မိနစ်တို့တွင် အောင်ခန့်ကျော်၊ ပွဲချိန် ၁၄ မိနစ်၊ မိနစ် ၄၀၊ မိနစ် ၉၀ ပြည့်ပြီး အချိန်ပို တစ်မိနစ်တို့တွင် ထွန်းထက်ကျော်၊ ပွဲချိန် ၁၈ မိနစ်၊ ၅၄ မိနစ်၊ ၅၈ မိနစ်တို့တွင် ညီနိုင်၊ ပွဲချိန် မိနစ် ၆၀ တွင် ဖြိုးဝေအောင်၊ ပွဲချိန် မိနစ် ၇၇ မိနစ်တွင် ဇော်ဘိုထွဋ်၊ ပွဲချိန် ၈၄ မိနစ်တွင် မင်းမင်းခန့်တို့က သွင်းယူခဲ့ကြောင်းသိရသည်။

STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းသစ်နှင့် ပွဲဦးထွက်ခြောက်ပွဲဆက်အနိုင်ရသည့် စတုတ္ထမြောက်နည်းပြအဖြစ် မန်စီးတီးအသင်းနည်းပြ မာရက်စကာရပ်တည်

**မန်ချက်စတာ အောက်တိုဘာ ၁၂**

မန်စီးတီးအသင်း နည်းပြမာရက်စကာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသင်းသစ်နှင့်ပွဲဦးထွက်ခြောက်ပွဲဆက်အနိုင်ရသည့် စတုတ္ထမြောက်နည်းပြအဖြစ် ရပ်တည်ခဲ့ကြောင်း Livescore သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ မာရက်စကာသည် ယခုနှစ်ဘောလုံးရာသီမှ စတင်ကာ မန်စီးတီးအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ပြီး ရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် စွမ်းဆောင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် အောက်တိုဘာ ၁၁ ရက်တွင် မန်စီးတီးအသင်းက လီဗာပူးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီးနောက် နည်းပြ မာရက်စ်ကာအတွက် အသင်းသစ်နှင့် ရာသီအစခြောက်ပွဲဆက်အနိုင် ရရှိခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် အသင်းသစ်နှင့် ပွဲဦးထွက်ခြောက်ပွဲဆက်အနိုင်ရခဲ့သည့် နည်းပြများအဖြစ် ၂၀၀၉-၂၀၁၀ဘောလုံးရာသီက ချဲလ်ဆီးအသင်းနှင့်အတူ နည်းပြ အန်ဆယ်လော့တီ၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက မန်စီးတီးအသင်းနှင့်အတူ နည်းပြ ဂွာဒီယိုလာ၊ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက မန်ယူအသင်းနှင့်အတူ နည်းပြဆိုးရှားလ်တို့က ရပ်တည်ခဲ့ပြီးနောက် ယခုအခါ မန်စီးတီးအသင်းနှင့်အတူ မာရက်စကာက စတုတ္ထမြောက်နည်းပြ အဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Livescore

Trs : STA

# အာဂျင်တီးနားအသင်း၊ အင်တာမီယာမီအသင်းတို့နှင့်အတူ မက်ဆီ ၁၂ ပွဲဆက် ဂိုးပါဝင်ပတ်သက်မှုလုပ်ဆောင်ခဲ့

**မီယာမီ အောက်တိုဘာ ၁၂**



အင်တာမီယာမီ အသင်းမှ မက်ဆီသည် မေဂျာလိဂ်ပြိုင်ပွဲအဖြစ် ကစားခဲ့သည့် အင်တာမီယာမီအသင်းနှင့် ဒီစီယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့ပြီးနောက် အာဂျင်တီးနားအသင်း၊ အင်တာမီယာမီအသင်းတို့နှင့်အတူ ၁၂ ပွဲဆက် ဂိုးပါဝင်ပတ်သက်မှုလုပ်ဆောင်ခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် အင်တာမီယာမီအသင်းက ဒီစီယူနိုက်တက်အသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် နောက်ဆုံး ၁၂ ပွဲဆက် ဂိုးပါဝင်ပတ်သက်မှု လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ၎င်း၏ဖခင် ကွယ်လွန်ခဲ့ပြီးနောက် ဩဂုတ်လမှစ၍ အင်တာမီယာမီအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ကာ နာရှာဗီလီအသင်းနှင့် ပထမအကျော့၊ အတ္တလန္တာယူနိုက်တက် အသင်း၊ ချီကာဂိုအသင်းတို့နှင့် ပွဲစဉ်တို့တွင် ဂိုးဖန်တီးမှုတစ်ကြိမ်စီ၊ ဖီလာဒယ်ဖီယာအသင်း၊ တိုရွန်တိုအသင်း၊ နာရှာဗီလီအသင်းနှင့် ဒုတိယအကျော့၊ ဆမ်ဒီယာဂိုအသင်း၊ ကိုလံဘတ်အသင်းတို့နှင့်ပွဲစဉ်တို့တွင် သွင်းဂိုးတစ်ဂိုးစီ၊ မွန်ထရီရယ်အသင်းနှင့်ပွဲစဉ်တွင် သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်၊ ခရုအာဇယ်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်၊ အာဂျင်တီးနားနှင့် ဘီနင်အသင်းတို့ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်၊ ဒီစီယူနိုက်တက်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : The Athletic

Trs : STA

# ဘရာဇီးနိုင်ငံ အမေဇုန်ဒေသတွင် တောမီးလောင်ကျွမ်းပြီး မာနော့စ်မြို့နှင့် အနီးဝန်းကျင်ဒေသများ၌ လေထုညစ်ညမ်းမှု မြင့်တက်လာ



**ဘရာဇီးလီးယား အောက်တိုဘာ ၁၂**

ဘရာဇီးနိုင်ငံ အမေဇုန်ဒေသတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး မာနော့စ်မြို့နှင့် အနီးဝန်းကျင်ဒေသများ၌ လေထုညစ်ညမ်းမှု မြင့်တက်လာကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေဇုန်ဒေသတွင် ပူပြင်းခြောက်သွေ့မှု အမြင့်ဆုံးကာလသို့ ရောက်ရှိနေပြီး တောမီးလောင်ကျွမ်းမှုများကြောင့် ထွက်ပေါ်လာသည့် မီးခိုးမြူနှင့် အမှုန်အမွှားများကလည်း မာနော့စ်မြို့အတွင်းသို့ ပျံ့နှံ့ရောက်ရှိလာကြောင်း၊ ပုံမှန်အားဖြင့် တစ်ကုဗမီတာလျှင် သုံးမိုက်ခရိုဂရမ်မှ ကိုးမိုက်ခရိုဂရမ် အတွင်းသာရှိသော်လည်း ယခုအခါ တစ်ကုဗမီတာလျှင် ၁၉၆ မိုက်ခရိုဂရမ်ထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

လေထုညစ်ညမ်းမှု အခြေအနေအရ အာဏာပိုင်များက ရုံးတက်လုပ်ကိုင်ရသည့် အလုပ်တချို့ကို ယာယီရပ်ဆိုင်းခဲ့ပြီး အစိုးရကျောင်းများကို ယာယီပိတ်ထားကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် မီးခိုးမြူများနှင့် တိုက်ရိုက်ထိတွေ့မှုကို လျှော့ချရန်နှင့် လိုအပ်ပါက မက်စ်များအသုံးပြုရန် တာဝန်ရှိသူများက တိုက်တွန်းထားကြောင်း သိရသည်။

ယခုကဲ့သို့ တောမီးများလောင်ကျွမ်းရသည့် အကြောင်းရင်းများအနက် လူတို့၏လုပ်ဆောင်ချက်များကြောင့် စတင်လောင်ကျွမ်းမှုများလည်းပါဝင်ပြီး ခြောက်သွေ့ပူပြင်းသော ရာသီဥတုနှင့် မိုးခေါင်မှုတို့က မီးလောင်ကျွမ်းမှုကို ပိုမိုဆိုးရွားစေကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် လူ ၅၇၄၈ ဦး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ပေကျင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံ တောင်ပိုင်းရှိ ဟိုင်နန်ပြည်နယ်တွင် အောက်တိုဘာလ ပထမပတ်အစပိုင်းကတည်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်သဖြင့် လူ ၅၇၄၈ ဦးကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကမ္ဘာလုံးဆိုင်ရာ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ အသိပေးညှိနှိုင်းရေးစနစ် (GD-ACS) ၏ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါမိုးသည်းထန်စွာရွာသွန်းမှုသည် အောက်တိုဘာ ၇ ရက်မှ ယနေ့ထိ ဖြစ်ပွားနေခြင်းဖြစ်ပြီး လူ ၅၇၄၈ ဦးကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ဟိုင်နန်ပြည်နယ် အာဏာပိုင်များက မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် မြေနိမ့်ပိုင်းဒေသများ၊ မြစ်ချောင်းများအနီးနှင့် ရေစီးရေလာပိတ်ဆို့နိုင်သည့်နေရာများ၌ ရုတ်တရက် ရေကြီးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဒေသခံများကို ဘေးကင်းရာသို့ ကြိုတင် ရွှေ့ပြောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရာသီဥတု ပြောင်းလဲမှုနှင့် ဆက်စပ်သည့် မိုးရွာသွန်းမှုပုံစံ ပြောင်းလဲမှုများကိုလည်း အလေးထား စောင့်ကြည့်ရန် လိုအပ်ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ် ဖြစ်ပွားချိန်တွင် ဒေသခံများအနေဖြင့် ဒေသဆိုင်ရာမိုးလေဝသ သတိပေးချက်များကို အမြဲစောင့်ကြည့်ရန်၊ ရေတက်လာသည့် နေရာများသို့ သွားလာခြင်းမပြုရန်နှင့် အာဏာပိုင်များ၏ ယခုကဲ့သို့ ရွှေ့ပြောင်းရန် ညွှန်ကြားချက်များကို အတိအကျလိုက်နာရန် ဟိုင်နန်ပြည်နယ်အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# မက္ကဆီကိုနိုင်ငံ ပစိဖိတ်ကမ်းခြေတွင်တိုက်ခတ်နေသော ဆိုင်မွန်ဟာရီကိန်းမုန်တိုင်း အားပျော့သွားသော်လည်း မိုးရေချိန်မြင့်မားစွာရွာသွန်းနေဆဲဖြစ်

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၂**

မက္ကဆီကိုနိုင်ငံ ပစိဖိတ်သမုဒ္ဒရာကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်နေသော ဆိုင်မွန်ဟာရီကိန်းမုန်တိုင်း ယနေ့တွင် အားပျော့သွားသော်လည်း မိုးရေချိန်မြင့်မားစွာ ရွာသွန်းနေဆဲဖြစ်ကြောင်း မက္ကဆီကို မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းအရှိန် အနည်းငယ်ကျဆင်းသွားခဲ့ပြီဖြစ်သော်လည်း လေတိုက်နှုန်းမြင့်မားနေကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီ ၁၂၅ မိုင်နှုန်းဖြင့် တိုက်ခတ်နေပြီး မုန်တိုင်းသည် မန်ဇာနီလိုမြို့သို့ ဦးတည်တိုက်ခတ်နေကြောင်း၊ ဆိုင်မွန်ဟာရီကိန်းမုန်တိုင်းသည် အချိန်မရွေးပြင်းအား ပြန်မြင့်တက်နိုင်သည့်အတွက် မက္ကဆီကိုမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက မုန်တိုင်း အခြေအနေကို စောင့်ကြည့်ကာ ပြောင်းလဲမှုများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေကြောင်း သိရသည်။



"ဆိုင်မွန်ဟာရီကိန်းမုန်တိုင်းဟာ ပြင်းအား အဆင့် (၄)နဲ့ ပစိဖိတ်သမုဒ္ဒရာ ကမ်းခြေကို ဝင်ရောက် တိုက်ခတ်ခဲ့ရာကနေ အားအနည်းငယ် ပျော့သွားပြီး ပြင်းအား အဆင့် (၃) ကို ကျဆင်းသွားပါတယ်။ ပြင်းအားကျဆင်းသွားပေမဲ့ မိုးရွာသွန်းမှုနှုန်းက ကျဆင်းတာ မရှိသေးပါဘူး။ လေတိုက်နှုန်းကလဲ မြင့်တက်နေဆဲဖြစ်ပါတယ်။ မုန်တိုင်းပြင်းအားကလဲ အချိန်မရွေး ပြောင်းလဲသွားနိုင်ပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းနေတဲ့ ဇရိယာတစ်လျှောက် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ရေဘေးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထားပါတယ်"ဟု မက္ကဆီကို မိုးလေဝသညွှန်ကြားရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# မိုးသည်းထန်စွာရွာသွန်းပြီး ဘက်ဟိုင်ဂန်ဒါကီမြစ်ရေလျှံနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် နီပေါအစိုးရက ထုတ်ပြန်

**ခတ္တမန္ဒူ အောက်တိုဘာ ၁၂**

နီပေါနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ဘက်ဟိုင်ဂန်ဒါကီမြစ်ရေလျှံတက်မှု ဖြစ်ပေါ်နေသဖြင့် မြစ်အနီးပတ်ဝန်းကျင်တွင် နေထိုင်သောဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် နီပေါအစိုးရက အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းရမည့် ဒေသခံများကို အမျိုးသားသဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူများက နေရာချထားရေးစီမံခန့်ခွဲကာ ကယ်ဆယ်ရေး ဝန်ထမ်းများက ဒေသခံများကို ကူညီပေးနေကြောင်း၊ မြစ်ရေလျှံတက်မှုအပြင် မြေပြိုကျမှုလည်း ဖြစ်ပေါ်နေသည့်အတွက် ကုန်းနိမ့်ပိုင်းတွင် တည်ရှိသည့်ဒေသများမှ ဒေသခံများကို အမြန်ဆုံး ဘေးလွတ်ရာ ရွှေ့ပြောင်းရန် တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်နေကြောင်း သိရသည်။

"ဘက်ဟိုင်ဂန်ဒါကီမြစ်ရေလျှံတက်မှုဖြစ်ပေါ်နေပါတယ်။ မြစ်ရေလျှံတက်မှုကြောင့် မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ မြစ်ဝှမ်းတစ်လျှောက်မှာ နေထိုင်တဲ့ ဒေသခံတွေကို ဘေးလွတ်ရာ အမြန်ဆုံးရွှေ့ပြောင်းဖို့ ထုတ်ပြန်ထားပါတယ်။ ကယ်ဆယ်ရေး ဝန်ထမ်းတွေကလဲ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကို ကူညီပေးလျက်ရှိပါတယ်။ ကုန်းမြင့်ပိုင်းမှာ ယာယီကယ်ဆယ်ရေးစခန်းတွေဖွင့်လှစ်ပြီး ဘေးလွတ်ရာရွှေ့ပြောင်းမဲ့ ဒေသခံတွေကို နေရာချထားပေးမှာပါ"ဟု အမျိုးသားသဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကွင်းစလန်းပြည်နယ်တွင် တောမီးရာသီ စတင်တော့မည်ဖြစ်ပြီး လေကြောင်းအင်အားဖြင့် မီးငြိမ်းသတ်နိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိ

**ကင်ဘာရာ အောက်တိုဘာ ၁၂**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် တောမီးရာသီစတင်တော့မည်ဖြစ်ပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ပါက ပျက်စီးမှု အနည်းဆုံးဖြစ်စေရန် လေကြောင်းအင်အားဖြင့် တောမီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကြိုတင်ပြင်ဆင်မှုအနေဖြင့် တောမီးကို နေရာမရွေး အချိန်မရွေး ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် လေကြောင်း အင်အားကို ဦးစားပေးစုဖွဲ့နေပြီး မီးသတ် ရဟတ်ယာဉ်များကို ဖြည့်တင်းဝယ်ယူမှုများ ပြုလုပ်နေကြောင်း၊ တောမီးငြိမ်းသတ်ရေး ရဟတ်ယာဉ်ကို ဝယ်ယူရာတွင်လည်း အရပ်ဘက်လေကြောင်း ဘေးကင်းလုံခြုံရေး အာဏာပိုင်အဖွဲ့အစည်း (CASA) က ဦးဆောင်၍ ဝယ်ယူစုဆောင်းနေကြောင်း၊ တောမီးငြိမ်းသတ်ရေး ရဟတ်ယာဉ်အဖြစ် McDermott 214B ရဟတ်ယာဉ်များကို အဓိက ဝယ်ယူနေခြင်းဖြစ်ကြောင်း ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ကွင်းစလန်းပြည်နယ်မှာ တောမီးလောင်ကျွမ်းတဲ့ ရာသီရောက်လာတော့မယ်။ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားပြီဆိုရင် ထိရောက်မြန်ဆန်စွာ ငြိမ်းသတ်နိုင်ဖို့အတွက် လေကြောင်းအင်အားကို တောင့်တင်းအောင် စုဖွဲ့နေပါတယ်။ လေကြောင်းအင်အား တောင့်တင်းမှ တောမီးငြိမ်းသတ်တာ ထိရောက်မှုရှိမှာဖြစ်ပါတယ်"ဟု အရပ်ဘက်လေကြောင်း ဘေးကင်းလုံခြုံရေး အာဏာပိုင်အဖွဲ့အစည်း (CASA) မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့

မောင်စိန်အိ(နဘဲမြေ)

နှစ်စဉ် အောက်တိုဘာလ ၁၃ ရက်သည် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစဉ်များကို ပြည်သူများ ပိုမိုသိရှိပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ်အတွက် ဆောင်ပုဒ်သည် "Resilience Starts at Home" "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့" ဖြစ်သည်။

၂၀၂၆ ခုနှစ်အတွက် ဆောင်ပုဒ်သည် သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိရေးအတွက် မိသားစုနှင့် နေအိမ်များမှစတင်နိုင်ရန်၊ ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် ဘေးအန္တရာယ်လျှော့ချနိုင်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်သွားနိုင်ရန် တိုက်တွန်းထားခြင်းဖြစ်သည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကြံ့ကြံ့ခံနိုင်မည့် လူနေအိမ်များဆောက်လုပ်နိုင်ရေး ပညာပေးစည်းရုံးတိုက်တွန်းသွားရန်၊ ကျေးလက်ဒေသများထိ လွှမ်းခြုံ၍ ကြိုတင်သတိပေးစနစ်များ မြှင့်တင်ရန်နှင့် လူတိုင်းလက်လှမ်းမီနိုင်သော သဘာဝဘေးဒဏ်ခံအိမ်ရာများ ပေါ်ပေါက်လာစေရေး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားနိုင်ရန်ဖြစ်သည်။

သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ၏ ဆန်ဒိုင်းမူဘောင် (Sendai Framework for Disaster Risk Reduction 2015–2030)တွင်လည်း ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ချရေးကို အခြေခံလူ့အဖွဲ့အစည်းများကစတင်နိုင်ရန် တိုက်တွန်းထားရှိသည်။ သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော လူ့အဖွဲ့အစည်းတစ်ခုကိုတည်ဆောက်ရာတွင် အခြေခံအကျဆုံးနှင့် အထိရောက်ဆုံးသော အစပြုရာနေရာသည် ကျွန်ုပ်တို့နေ့စဉ်ရှင်သန်နေထိုင်ရာ "နေအိမ်များ"သာဖြစ်သည်။ မိသားစုတစ်စုချင်းစီ၏ နေအိမ်များမှစတင်၍ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့်သာ တစ်မျိုးသားလုံး ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

အမှန်တော့နေအိမ်ဆိုသည်မှာ အမိုးအကာသက်သက်သာမဟုတ်ဘဲ ဘေးအန္တရာယ်များကို ကာကွယ်ပေးသည့် ပထမဆုံးသောကာကွယ်ရေးကတုတ်ကျင်းလည်းဖြစ်သည်။ မိသားစု တစ်စုချင်းစီက နေအိမ်အတွင်း၌ ကြံ့ကြံ့ခံနိုင်စွမ်းရှိနေမည်ဆိုလျှင် ရပ်ရွာနှင့် နိုင်ငံတော်အဆင့်ကယ်ဆယ်ရေးလုပ်ငန်းများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုကို လျှော့ချပေးနိုင်မည်ဖြစ်သည်။ နေအိမ်တစ်လုံး သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရန်အတွက် အခြေခံအကျဆုံးအချက်သည် အဆောက်အအုံဖွဲ့စည်းတည်ဆောက်မှုပိုင်းဆိုင်ရာ ကြံ့ခိုင်မှုပင်ဖြစ်သည်။ ထို့ကြောင့် နေအိမ်များကို တည်ဆောက်ရာတွင် ဒေသအလိုက်ကျရောက်လေ့ရှိသော သဘာဝဘေးအန္တရာယ်ကိုမူတည်၍ တည်ဆောက်သွားရန် လိုအပ်သည်။

နေအိမ်တည်ဆောက်ရာ၌ အိမ်တိုင်များကို မြေကြီးထဲတွင်နက်နက်စိုက်၍ခိုင်မာစွာ စိုက်ထူခြင်း၊ တိုင်နှင့် ရက်မများကို သံကြိုး သို့မဟုတ် ဆွဲဆန့်အားကောင်းသော ပစ္စည်းများဖြင့်တွဲ၍ ချည်နှောင်ခြင်းတို့ ပြုလုပ်သွားရန်လိုအပ်သည်။ မုန်တိုင်းဒဏ်ခံနိုင်ရန် အမိုးကို သံမှို၊ ဝက်အူများဖြင့် စနစ်တကျမြဲမြံစွာ ရိုက်နှက်ခြင်း၊ ကုပ်ထားခြင်း၊ လေဒဏ်ခံနိုင်ရန် အမိုးစွန်းများကို တိုတိုထားခြင်းနှင့် အမိုးလျှောစောင်းကို ခပ်နိမ့်နိမ့်ထားခြင်း စသည်ဖြင့် စနစ်တကျလုပ်ဆောင်သွားသင့်သည်။



အထူးသဖြင့် ငလျင်ကြောအနီးရှိဒေသများတွင်မူ ငလျင်ဒဏ်ခံနိုင်သော အပေါ့စား သို့မဟုတ် လိုက်လျောညီထွေဖြစ်သော အဆောက်အအုံပုံစံများဖြစ်သင့်သည်။ အုတ်ညှပ်ကွန်ကရစ် အဆောက်အအုံများတွင် တိုင်နှင့် ရက်မများ၏ သံကူကွန်ကရစ်များ စနစ်တကျရှိစေရန် အင်ဂျင်နီယာဒီဇိုင်းများအတိုင်း ဆောက်လုပ်သွားရန်လိုအပ်သည်။ ထို့ပြင် အိမ်မိုးသွပ်၊ သံမှို၊ တိုင်နှင့် ရက်မများမှစ၍ အရည်အသွေးပြည့်မီရန်လိုအပ်သည်။ အထူးသဖြင့် ငလျင်ပြင်းအားရစ်ချ်တာစကေး (၈) အဆင့်ထိ ခံနိုင်ရည်ရှိသည်ထိ တွက်ချက်တည်ဆောက်သွားသင့်သည်။

ထို့ပြင် နှစ်စဉ်မိုးမကျမီနှင့် မုန်တိုင်းရာသီမတိုင်မီ အိမ်၏ဆွေးမြည့်နေသောတိုင်များ၊ ရက်မများ၊ အမိုးများကိုလဲလှယ်ခြင်း၊ ကွဲအက်နေသောနံရံများကို ပြုပြင်ခြင်းတို့ကို တတ်နိုင်ပါက မိသားစုအစီအစဉ်ဖြင့် နှစ်စဉ်လုပ်ဆောင်သွားရန်လိုအပ်သည်။ ထို့ပြင် မီးဘေးအန္တရာယ်အပါအဝင် အခြားသော ဘေးအန္တရာယ်များကို ကာကွယ်ရန်အတွက်လည်း လျှပ်စစ်ဝါယာကြိုးများ၊ မီးပလပ်များနှင့် မီးခလုတ်များကို ဟောင်းနွမ်းပေါက်ပြဲဆွေးမြည့်မှု ရှိ၊ မရှိ စစ်ဆေးပြုပြင်မှုများ လုပ်ဆောင်သွားရန် လိုအပ်သည်။

သဘာဝဘေးအန္တရာယ်ခံနိုင်ရေးအတွက် နေအိမ်အဆောက်အအုံခိုင်ခံ့မှုရှိရမည့်အပြင် အိမ်တွင်းရှိ ပစ္စည်းကိရိယာများ အထားအသိုမှားယွင်းမှုကြောင့်လည်း ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ ဖြစ်ပွားနိုင်သည်။ ထို့ကြောင့် ငလျင်လှုပ်ခတ်သည့်အချိန်၌ ပရိဘောဂများလဲပြို၍ လူကိုမဖိမိစေရန် ဗီရိုများ၊ စာအုပ်စင်များကို နံရံနှင့် မြဲမြံစွာ ကပ်ထားရန်လိုအပ်သည်။ လေးလံသောပစ္စည်းများနှင့်ကွဲရှနိုင်သောပစ္စည်းများကိုနံရံများတွင် ချိတ်ဆွဲထားခြင်းနှင့် အပေါ်ဆင့်များတွင်တင်ထားခြင်းမျိုး မလုပ်ဆောင်ဘဲ အောက်ခြေတွင်သာ စနစ်တကျထားရှိရန် လိုအပ်သည်။ ထို့ပြင် အိပ်ရာခုတင်ဘေးတွင်လည်း လဲကျလာနိုင်သောမှန်ချပ်များ သို့မဟုတ် လေးလံသောပစ္စည်းများမရှိစေရန် အထူးသတိပြုသွားရန် လိုအပ်သည်။

သဘာဝဘေးအန္တရာယ် တစ်ခုခုဖြစ်ပွားသည့်အချိန်၌ ရုတ်တရက်အိမ်ပြင်သို့ အပြေးအလွှားထွက်ရာ၌ အဟန့်အတားမဖြစ်စေရန် တံခါးပေါက်များနှင့်စင်္ကြံလမ်းများတွင် ပစ္စည်းများ ပိတ်ဆို့မှုမရှိစေရန်လိုအပ်ပြီး တံခါးသော့များကိုလည်း အလွယ်တကူယူဆောင်နိုင်သောနေရာတွင် ထားရှိရန်လိုအပ်သည်။ အထူးသဖြင့် လုံခြုံရေးအရမလိုအပ်လျှင် တံခါးမကြီးများကို ချက်ထိုးထားခြင်းနှင့် သော့ခတ်ထားခြင်းမျိုးမလုပ်သင့်ပေ။

အိမ်ထောင်ဦးစီးများသည် မိသားစုဝင်များကို ငလျင်လှုပ်လျှင် "ဝပ်၊ကာ၊ကိုင်" လုပ်ဆောင်သွားရန်၊ မုန်တိုင်းသတိပေးချက် အရောင်အဆင့်ဆင့်ဖြစ်သည့် အဝါ၊ အစိမ်း၊ အနီ တို့ကို နားလည်ရန်နှင့် ရှေးဦးသူနာပြုစုနည်းများကို အိမ်တွင်း၌သင်ကြားလေ့ကျင့်ပေးထားရန်လိုအပ်သည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက မည်သို့တုံ့ပြန်ရမည်ကို မိသားစုဝင်အားလုံး ကြိုတင်ဆွေးနွေးထားရှိရန် လိုအပ်သည်။ ထိုသို့ဆွေးနွေးထားခြင်းသည် မိသားစုများမှ စတင်ဆောင်ရွက်သွားရမည့် အသက်ကယ်စီမံချက်ပင်ဖြစ်သည်။

သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် မိသားစုဝင်များ လူစုကွဲသွားပါက ပြန်လည်ဆုံစည်းမည့်နေရာကို ကြိုတင်သတ်မှတ်ထားရန်လိုအပ်သည်။ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကို တာဝန်ယူ စောင့်ရှောက်သွားမည့်တာဝန်ကိုလည်း ကြိုတင်ခွဲဝေသတ်မှတ်ထားရန်လိုအပ်သည်။

ထို့ပြင် မိသားစုတိုင်း၊ နေအိမ်တိုင်းတွင် အနည်းဆုံး သုံးရက်စာ အသုံးပြုနိုင်သည့်အရေးပေါ် အသက်ကယ်အိတ်တစ်လုံး အမြဲအသင့်ရှိနေရန်လည်း လိုအပ်သည်။ ထိုအိတ်အတွင်း၌ သောက်ရေသန့်၊ အသင့်စား ရိက္ခာခြောက်၊ ရှေးဦးသူနာပြုဆေးဝါး၊ လက်နှိပ်ဓာတ်မီး၊ ရေဒီယို၊ ဖယောင်းတိုင်၊ မီးခြစ်နှင့် အရေးကြီးစာရွက်စာတမ်းများဖြစ်သည့် မှတ်ပုံတင်၊ အိမ်ထောင်စုဇယား၊ ဘဏ်စာအုပ်တို့ကို ရေမစိုအောင် ပလတ်စတစ်အိတ်ဖြင့်ထုပ်ပိုးကာ အလွယ်တကူယူဆောင်နိုင်သည့်နေရာတွင် ထားရှိရန် လိုအပ်သည်။

အထူးသဖြင့် နိုင်ငံတော်အစိုးရနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့က ထုတ်ပြန်သော မိုးလေဝသသတင်းသတိပေးချက်များကို စဉ်ဆက်မပြတ်နားထောင်နေရန် လိုအပ်သည်။ ထို့ပြင် မီးသတ်တပ်ဖွဲ့၊ လူနာတင်ယာဉ်နှင့် ပရဟိတကယ်ဆယ်ရေးအဖွဲ့များ၏ ဖုန်းနံပါတ်များကိုလည်း မိမိတို့ဖုန်းတွင် မှတ်သားထားရန်လိုအပ်သည်။

သဘာဝဘေးဒဏ် ကြံ့ကြံ့ခံနိုင်စွမ်းဆိုသည်မှာ နေ့စဉ်ရှင်သန်မှု အလေ့အထများနှင့် ဆက်စပ်နေသည်။ နေအိမ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းခြင်းသည် သဘာဝဘေးဒဏ်လျှော့ချရေး၏ အစိတ်အပိုင်းဖြစ်သည်။ နေအိမ်ဝန်းကျင်တွင် လေပြင်းဒဏ်ကာကွယ်နိုင်ရန် လေကာ၊ နေကာသစ်ပင်ကြီးများကို စနစ်တကျစိုက်ပျိုးခြင်း၊ အိမ်ပေါ်သို့ ပြုတ်ကျနိုင်သောသစ်ကိုင်းခြောက်များကိုမူ ပုံမှန် ခုတ်ထွင်ရှင်းလင်းခြင်းတို့ ပြုလုပ်ရန် လိုအပ်သည်။

မိသားစုတစ်စု၊ နေအိမ်တစ်လုံးချင်းစီတွင် ကြံ့ကြံ့ခံနိုင်စွမ်းရှိလာသည့်အချိန်၌ ရပ်ကွက်နှင့် ကျေးရွာတစ်ခုလုံးကြံ့ကြံ့ခံနိုင်စွမ်းရှိလာရန်အတွက်လည်း ဆက်လက်လုပ်ဆောင်သွားရန်လိုအပ်သည်။ အမှန်တော့ ရပ်ရွာအခြေပြု ဘေးအန္တရာယ်စီမံခန့်ခွဲမှု (Community–Based Disaster Risk Management – CBDRM)တွင် မိသားစုများ၏ တက်ကြွစွာပူးပေါင်း ပါဝင်မှုသည် သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရာ၌ အောင်မြင်မှုသော့ချက်ပင်ဖြစ်သည်။

စင်စစ်အားဖြင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် သဘာဝဘေးကျရောက်ပြီးနောက် ပြည်လည်ကုစားရသည့် ကုန်ကျစရိတ်ထက် အဆပေါင်းများစွာသက်သာစေကြောင်းကို ကမ္ဘာ့ဖြစ်စဉ်များက သက်သေပြလျက်ရှိသည်။ ထို့ကြောင့် မိသားစုတစ်စုချင်းစီမှသည် တစ်မျိုးသားလုံး သဘာဝဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားလာစေရန်အတွက် မိမိတို့နေထိုင်ရာ နေအိမ်များမှစတင်ကာ သဘာဝဘေးအန္တရာယ် ကြံ့ကြံ့ခံနိုင်စွမ်းကို ကိုယ်စီတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## တွံတေးမြို့နယ်ရှိ ရွှေဆံတော်စေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်ထိ ကျင်းပမည်



တွံတေးမြို့နယ်ရှိ ရွှေဆံတော်စေတီတော်အား ဖူးတွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရွှေဆံတော်စေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက် (အောက်တိုဘာ ၂၁ ရက်)မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် (အောက်တိုဘာ ၂၈ ရက်) ထိ ရှစ်ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေဆံတော်စေတီတော် ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်ထံမှ သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်တွင် အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ခြင်း၊ စေတီတော်၏ အာရုံခံ တန်ဆောင်းများအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား သတ်မှတ်နေရာအလိုက် ဆွမ်းတော်ကြီးများ ဆက်ကပ်လှူဒါန်းခြင်းနှင့် တွံတေးမြို့ပေါ် ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်း ၇၅ ကျောင်းမှ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော် လောင်းလှူခြင်းတို့ကို ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

"ရွှေဆံတော်စေတီတော်ရဲ့ ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်ကတည်းက စတင်ကျင်းပမှာ ဖြစ်ပါတယ်။ သီတင်းကျွတ်လဆန်း ၁၄ ရက် ည ၇ နာရီမှာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်တွေနဲ့ ဗုဒ္ဓဝေယျာဝစ္စအကျိုးဆောင်အသင်းတွေ စုပေါင်းပြီး ဆီမီး၊ ပန်း၊ ရေချမ်း ပူဇော်ကြမှာဖြစ်ပါတယ်။ သီတင်းကျွတ်လပြည့်နေ့ မနက် ၈ နာရီမှာ ဆရာတော်ကြီးတွေထံမှ သီလခံယူတာတွေ၊ အမျှပေးဝေတာတွေ ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု ဦးစိုးလွင်က ပြောပြ၍ သိရသည်။ ASH

## Miami Vice 85 ရုပ်ရှင်ဇာတ်ကား၌ မင်းသား အန်ဒရီဟော်လန်းပါဝင်သရုပ်ဆောင်မည်

**နယူးယောက် အောက်တိုဘာ ၁၂**

ယူနီဗာဆယ်ကုမ္ပဏီ၏ Miami Vice 85 ဇာတ်ကားတွင် မင်းသား အန်ဒရီဟော်လန်း ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများအရ သိရသည်။

Miami Vice 85 ဇာတ်ကား၌ မင်းသား အန်ဒရီဟော်လန်းသရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

အဆိုပါ ရုပ်ရှင်ဇာတ်ကားသစ်တွင် အန်ဒရီဟော်လန်းသည် မင်းသား မိုက်ကယ်ဘီကျော်ဒန်၊ အော်စတင်ဘတ္တလာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Miami Vice 85 ဇာတ်ကားသည် NBC ရုပ်သံဌာနက ၁၉၈၄ ခုနှစ်နှင့် ၁၉၉၀ ပြည့်နှစ်ကြား ထုတ်လွှင့်ပြသခဲ့သည့် Brother's Keeper ဇာတ်လမ်းတွဲများကို အခြေခံရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Miami Vice 85 ဇာတ်ကားကို ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်းဂျီလ်ရွိုင်းက တာဝန်ယူရေးသားပေးထားသည်။

အဆိုပါ ဇာတ်ကားကို ၂၀၂၇ ခုနှစ် မေ ၁၉ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## တေးသံရှင် မေဆွိ၊ ကော်နီတို့၏ Sound of the Lanterns တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်မည်

**ရန်ကုန် အောက်တိုဘာ ၁၂**

တေးသံရှင် မေဆွိ၊ ကော်နီတို့၏ Sound of the Lanterns တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ အောက်တိုဘာ ၂၆ ရက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် ကော်နီထံမှ သိသည်။

အဆိုပါ Sound of the Lanterns တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မေဆွိ ၊ ကော်နီတို့၏ လူသိများထင်ရှားခဲ့သည့် တေးသီချင်းများကို အကောင်းဆုံး သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး Mercury IX Band က အကောင်းဆုံး ပံ့ပိုး တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သီတင်းကျွတ်လပြည့်နေ့ရဲ့ အလှပဆုံး ဆီမီးရောင်တွေကြား မှာ Sound of the Lanterns တေးဂီတဖျော်ဖြေပွဲကို Mercury IX Band ကလဲ အကောင်းဆုံး ပံ့ပိုး တီးခတ်ပေးသွားမှာ ဖြစ်ပါတယ်။




အမိုက်စား တီးခတ်မှုတွေနဲ့အတူ အကောင်းဆုံး သီချင်းတွေကို အတူတူသီဆိုကြဖို့၊ ဒီသီတင်းကျွတ်မှာ ပျော်ပါးနွေးထွေးတဲ့ ဂီတရသတွေ ပုံဖော်ချင်တယ်ဆိုရင်တော့ မဖြစ်မနေလှမ်းလာခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါရစေ"ဟု တေးသံရှင် ကော်နီက ပြောပြသည်။

တေးသံရှင် မေဆွိ၊ ကော်နီတို့၏ Sound of the Lanterns တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များနှင့်အတူ Judson Entertainment Bar ၏ ပင်တိုင် တေးသံရှင်ကများလည်း ဝန်းရံသီဆို ဖျော်ဖြေပေးကြမည်ဖြစ်ကြောင်း သိရသည်။

ASH

## Transformers ဇာတ်ကားသစ်ကို ဒါရိုက်တာ မိုက်ကယ်ဘေး တာဝန်ယူရိုက်ကူးဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၁၂**

Paramount ကုမ္ပဏီ၏ Transformers ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်ဘေးက တာဝန်ယူ ရိုက်ကူးဖွယ်ရှိကြောင်း အောက်တိုဘာ ၁၁ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Transformers ဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ မိုက်ကယ်ဘေးနှင့် Paramount ကုမ္ပဏီတို့ကြား ဆွေးနွေးနေကြောင်း သိရသည်။

အဆိုပါ Transformers ဇာတ်ကားသစ်အတွက် ထုတ်လုပ်သူအဖြစ် ကမ္ဘာကျော် ဒါရိုက်တာစတီဗင်စပီးဘာ့ဂ က တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ မိုက်ကယ်ဘေးသည် ယခင်ရုံတင်ပြသပြီးသော Transformers ဇာတ်ကားငါးကားကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

Transformers ဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်နှင့် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင်များကို Paramount ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Transformers ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျေဆင်ဖက်နှင့် ဒီပွန်ဗင်တူရာတို့က ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## တာတေနှင့်ဂမ္ဘီရဖြစ်ရပ်ဆန်းများ ဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကို မရမ်းကုန်းမြို့နယ်ရှိ Mercure Hotel တွင်ပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၂**

HEY Play Application နှင့် HEY Play YouTube Channel တို့မှ ထုတ်လွှင့်လျက်ရှိသည့် တာတေနှင့်ဂမ္ဘီရဖြစ်ရပ်ဆန်းများ ဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကို အောက်တိုဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Mercure Hotel တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တာတေနှင့်ဂမ္ဘီရဖြစ်ရပ်ဆန်းများ ဇာတ်လမ်းတွဲသည် စာရေးဆရာ တာတေ၏ ဝတ္ထုဇာတ်လမ်းကိုလှဝင်း(အေဝမ်း) က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ သီဟမင်းညီက တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က ဗီဒီယိုခေတ်ကတည်းက နယ်ကြိုက်ကားလေးတွေကို ရိုက်ခဲ့ရတာများတယ်။ ကျွန်တော်က အနုပညာမိတ်နည်းပါတယ်။ တာတေနဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်း ဇာတ်လမ်းတွဲက ပညာပေးလေးတွေလဲ ပါတဲ့အတွက် ပရိသတ်အကြိုက်တွေ့စေမဲ့ဇာတ်လေးပါလို့ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

တာတေနှင့်ဂမ္ဘီရဖြစ်ရပ်ဆန်းများ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် သက်ခိုင်၊ မင်းသူ၊ ကျော်ဇေဟိန်း၊ မာမီသက်၊ သတ္တိ၊ ဒေါင်းဝေ၊ ထူးခြား၊ သူရ၊ ပွင့်နဒီမောင်၊ ခင်စိုးပိုင်၊ မှူးသခင်၊ မိုခမ်း၊ ဝါဝါမေမောင်နှင့် အနုပညာရှင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# President U Min Aung Hlaing pays homage to Dawei's prominent Lawkamarazein Buddha Image and Shwetaungsar Pagoda

**Nay Pyi Taw October 12**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Union ministers and officials, paid homage to prominent Lawkamarazein Buddha Image and Shwetaungsar Pagoda in Dawei of Taninthayi Region this afternoon.

The President and party paid homage to Lawkamarazein Buddha Image with offering flowers, water and oil lights.

The President inspected the preparations to carry out overall renovation of the Buddha Image. The Taninthayi Region Chief Minister and officials of the Image Board of Trustees reported on the plans to renovate the image. The President signed the guest book of the image and donated cash to the fund of the pagoda through officials from the image board of trustees who returned a certificate of honour and Dhamma gifts.

The President struck Mahavijaya Khemasitala Bibbutaghosa great bell at Shwetaungsar Pagoda.





President U Min Aung Hlaing pays homage to the Buddha image at the Shwetaungsar Pagoda.

The President offered flowers, water oil lights to the Buddha image in the ancient hsitorical Yahanta ordination hall in the precinct of the pagoda and inspected the maintenance of ancient Yahanta ordination hall in original format in the precinct of the pagoda and gave necessary guidance to officials.

After paying homage to Shwetaungsar Pagoda, the President gave guidance to officials to systematically carry out maintenance of the Buddha Image and the pagoda for long-term existence and magnificence, replace the damaged tiles from the platform of the pagoda with new ones and keep the platform of the pagoda clean.

**Observing healthcare services for long-lived venerable Sayadaw**

While in Dawei, the President viewed the process of healthcare services given to Presiding Patron of Zeyawady Buddhism Learning Centre in Dawei, Sangharaja of Ganavimotti Kutoh Gana, Abhidhaja Aggamaha Saddhammajotika Aggamaha Kammathanacariya Bhaddanta Arindama, who is now aged 104 and 84 vasa, at Dawei General Hospital.

After hearing the reports of officials, the President instructed them to continuously monitor the Sayadaw's health conditions, fulfill any necessary needs, and carry out other required matters. The President paid homage to the venerable Sayadaw and offered cash for nine prerequisites, foodstuffs and alms.

The President also viewed round the hospital and guided the plans to upgrade the hospital to officials and cordially greeted hospital staff.

MNA



President U Min Aung Hlaing presents a cash donation to the fund of the Lawkamarazein Buddha Image.

# Letter from Mideast: Still waiting for peace near Gaza

**Jerusalem October 12**

From a hill on the outskirts of Sderot, the Israeli city closest to the Gaza Strip, the devastation across the border is clearly visible. Shattered buildings form a jagged skyline just a few kilometers away, yet they seem worlds apart.

Three years ago, on Oct. 7, 2023, a Hamas-led attack on southern Israel triggered a new round of bloody conflict in Gaza. Militants entered Sderot and stormed the local police station, where fighting raged through the night. Israeli forces eventually demolished the building as they retook it.

I still remember crouching amid the ruins as I covered the war's early days: fighter jets roared overhead, fear emptied the streets, and acrid smoke hung in the air. Not far away, each Israeli strike on Gaza sent another plume into the sky.

Back then, no one knew how long the war would last, much less how its repercussions would spread across borders and engulf much of the Middle East. Xinhua


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects regional development activities in Dawei, Tanintharyi Region



President U Min Aung Hlaing hears reports on the upgrading of Dawei airport and runway.

**Nay Pyi Taw October 12**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by Union Ministers and relevant officials, inspected the progress of regional development works in Dawei, Tanintharyi Region, this afternoon.

Upon arrival at Dawei Airport in Tanintharyi Region, the President and his entourage were warmly welcomed by Chief Minister of Tanintharyi Region U Zaw Naing Oo, Speaker of the Region Hluttaw U Myat Ko, the Commander of Coastal Region Command, officials from the regional government, and traditional cultural performance troupes.

**Upgrading of Dawei Airport and Runway**

At the airport meeting hall, Union Minister for Transport U Mya Tun Oo and Director of Military Engineering of the Office of the Commander-in-Chief (Army) Brig-Gen Win Min presented briefings on data regarding Dawei Airport, the implementation of directives given by the Head of State for airport expansion and upgrades, and the fiscal year-by-fiscal year expansion and upgrade works on Dawei Airport and its runway.

Regarding the briefings, the President gave instructions, highlighting that with the implementation of the Dawei Deep Sea Port Project, passenger traffic and flight operations are bound to increase, which is why preparatory upgrade works on Dawei Airport and its runway were instructed. He stressed the importance of long-term durability and safety for aircraft landings, noting that properly engineered drainage systems must be incorporated to prevent waterlogged areas along the runway. He further instructed officials to properly form shoulder soil along both sides of the runway, clear bush and shrubs around the runway perimeter, and address other necessary requirements.

Afterward, the President inspected the runway upgrading works and gave further instructions based on reports submitted by officials.

**Shwe Wae Thiri Pyinnyar Beikman Library**

Next, they arrived at the Shwe Wae Thiri Pyinnyar Beikman Library located in Nyaungyan (South) Ward, Dawei, where they inspected the reading room, E-Library, non-fiction bookshelves, and the systematic arrangement of fiction and non-fiction books.

Following reports by officials, the President gave guidance on systematically running library operations to enrich public knowledge and facilitate easy access to literature, actively promoting library use to increase reader turnout, continuously providing non-fiction and fiction books and periodicals, and tending to other operational needs. He then signed the library's guest book.

**Shwe Wae Thiri Stadium**

They then proceeded to Shwe Wae Thiri Stadium, where they inspected the site planned for constructing a new grandstand and toured the sports complex. In response to briefings from officials, the President instructed that the construction of the new grandstand be systematically carried out, the stadium properly maintained on an ongoing basis, and plans made for expanding stands, including special VIP stands. Following this, he toured Dawei town and Strand Road by motorcade to inspect urban development and the progress of Strand Road upgrading projects.

**Tanintharyi Region Cultural Museum**

The President was welcomed by officials at the Tanintharyi Region Cultural Museum on Strand Road in Sanchi Ward. The President inspected each individual booths on display inside the museum, including the Tanintharyi Region natural scenic landscapes booth, the Salon ethnic booth, the traditional festivals booth, the traditional handicrafts booth, the Stone Age cave dwelling and stone tools exhibit, ancient cultural works of art, historical artifacts, the Tanintharyi regional history and ancient cities booth, and the traditional livelihoods booth.

During the inspection, the President responded to the reports submitted by responsible officials. He stated that because the antiquities, historical records, and archival evidence inside the museum are valuable heritage beyond monetary value, special care must be taken to preserve them to ensure their long-term durability and prevent deterioration. He underlined that the scale-model displays of the ancient cities in Tanintharyi Region must be exhibited in line with modern standards. He noted that Myanmar's traditional literary heritage must be protected by using modern technology to duplicate and archive the contents of ancient palm-leaf manuscripts and parabike paper folding books to prevent them from disappearing over time and make them accessible to future generations, as well as by conducting research in collaboration with archaeological experts to uncover the meaning and historical context of these records. The President also stressed that descriptive information, dates, eras, and estimated ages must be clearly provided alongside the artifacts, pagodas, and Buddha images across the respective booths so that visitors can understand them easily and clearly.

The President gave guidance that arrangements must be made to enable basic education students from across Tanintharyi Region, in addition to visitors from near and far, to visit and study at the museum. He noted that doing so will allow them to gain a deeper understanding and appreciation of their local region including the historical traditions, national identity, national and patriotic pride, noble traditional values of religion and culture,



President U Min Aung Hlaing visits Shwe Wae Thiri Pyinnyar Beikman Library.

*See Page 15*

# President of the Republic of the Union of Myanmar U Min Aung Hlaing addresses ceremony to present letters of appointment as Gazetted Civil Service Officers to medical doctors (freshers) and dentists (freshers) of the Ministry of Health

# Healthcare provided for individual persons amounts to protecting a family's future



**President U Min Aung Hlaing addresses the ceremony to present letters of appointment as Gazetted Civil Service Officers to medical doctors (freshers) and dentists (freshers) of the Ministry of Health.**

**Nay Pyi Taw October 12**

A ceremony to present letters of appointment as Gazetted Civil Service Officers to medical doctors (freshers) and dentists (freshers) of the Ministry of Health took place at the Myanmar Convention Center in Yangon this morning, addressed by President of the Republic of the Union of Myanmar U Min Aung Hlaing.

Also present were union ministers U Khin Maung Yi, U Mya Tun Oo, Dr Soe Win, Dr Thet Thet Zin, U Min Naung, U Ko Ko Lwin, Dr Charlie Than, U Myo Thant, Chairman of the Union Civil Service Board U Tin Maung Win, the Yangon Region Chief Minister, senior military officers from Office of the Commander-in-Chief, deputy ministers, retired Health Ministers, the chairman of Myanmar Medical Council, the chairman of Myanmar Dental Council, rectors, pro rectors, professors, faculty members from medical universities under the Ministry of Health, departmental personnel, invited guests.

On arrival at the venue, the President was warmly welcomed by Union Minister for Health Dr Soe Win and health staff. At the start of the ceremony, personnel from Public Health Department, the Ministry of Health staged a dramatized song "The hand that provides health."

In his keynote address, the President said today is a day that brings strength to the Ministry of Health as well as an auspicious day for the nation and people. It is also an important milestone for all refreshers here as they have completed a certain level of education, officially starting their career as a doctor and a civil servant to practically apply their medical knowledge for the people.

The letter of appointment they were going to receive today was not just a confirmation certificate for a job; it was also a symbol of responsibility entrusted to them trustfully by the State and the people. Valuing this trust, they should use their knowledge, time, strength and goodwill the best for public health.

The government is striving with greater momentum in carrying out healthcare activities under the policy **"Nothing is more important than human life"** for ensuring health and fitness and longevity for all citizens. The basic requirement of a modern and new democratic country is health and fitness of the entire nation. Hence, the government gives constant attention to its healthcare activities that directly benefit the people.

Prioritizing the goal **"All hospitals must have doctors"** the government is realizing a healthcare program accessible by all regardless of location and wealth. Myanmar's current life expectancy is 69 years. It is now providing healthcare activities with might and main for the public life expectancy to exceed 70 years.

Although the government's healthcare expenditure was only about 1.5 percent of total government spending in the year 2000, it has been increased to 2.8 percent—amounting to over 1,391 billion kyats—in the current 2026-2027 fiscal year; furthermore, efforts will continue to annually increase state funding to upgrade the healthcare sector.

Skilled health human resources are pivotal for the perfectness of the entire healthcare machinery. In ensuring health and fitness for the entire nation and to improve the health level, the nation must train and produce more health human resources to provide an all-accessible public healthcare system. In this regard, the government commissioned the Faculty of Medicine at the Naypyitaw State Academy in 2023. Currently, the number of institutions has grown to a total of 17 universities, comprising six medical universities and 11 universities of allied health sciences.

Furthermore, medical curricula are being transitioned toward international-standard outcome-based integrated learning systems, incorporating Inter-professional Education (IPE) and practical collaborative skills among healthcare professionals. Human resources are being trained and produced under annual plans to ensure adequate staffing across regional, state, district, township, and station hospitals. Short-term and long-term plans are also being formulated and implemented with target goals set for the next 5, 10, and 15 years. In addition, the government is providing necessary support for healthcare personnel, including food and shelter, administrative management, infrastructure, and required allowances.

Health human resources constitute a vital foundational pillar of the healthcare system. He expressed the great pleasure over new doctors joining the Ministry of Health following the completion of their internship to contribute to public healthcare services. The government also extends a warm welcome to the new recruits. Arrangements were made to directly appoint those who completed their internship to quickly fill physician vacancies and provide healthcare services to public patients at public hospitals.

In July 2025, a total of 1,276 newly appointed medical doctors and 23 newly appointed dental surgeons were assigned duties; they are currently serving their national duties faithfully in designated areas while preparing to sit for postgraduate medical entrance examinations.

Alongside fulfilling health human resources, he urged them to strive toward becoming well-rounded healthcare professionals and staff who excel not only in quantity but also in quality and capability. For its part, the state continues to continuously train and produce health workforces to deliver public-centered healthcare services with professional dignity and medical ethics.

As newly appointed gazetted civil servants, they will pursue further training in administrative and leadership skills required for the workplace at respective Civil Service Academies. During this training, they will also be able to cultivate positive attributes such as perseverance, resilience, fortitude, patience, and discipline. *See Page 15*



**President U Min Aung Hlaing presents appointment letters for gazetted civil service officers to a representative.**

# Illegal 13-storey building used in online scams/ gambling in Shwe Kokko (Part-II) demolished, remaining ones to be knocked down

Ongoing systematic demolition of a 5-story building used for online gambling operations in Shwe Kokko (Part-II).





Demolition using heavy machinery.





Controlled implosion and demolition of a 13-story building used for online gambling operations in Shwe Kokko (Part-II).





Setting up and planting explosive charges.

**Nay Pyi Taw October 12**

As the government has placed a special emphasis on eradication of online scams and gambling, which has posed a threat to the global socioeconomic space and national security, in cooperation with neighboring and regional countries, total demolition of illegal buildings in Shwe Kokko in Myawaddy District in Kayin State, where most online scams and gambling were based,mis being out by interdepartmental teams comprising security forces, administrative bodies and local authorities. In doing so, a 13-storey building was detonated while two 5-storey buildings were being systematically knocked down with the use of machinery.

Remaining 63 buildings used in online scams and gambling to be demolished were classified into ones to be destroyed with the use of machinery, to be detonated and to be levelled down manually floor by floor due to their proximity to residential buildings and systematic demolition tasks are being carried out. Today, 90 percent of demolition works of a 5-storey building out of those to be brought down with the use of machinery completed while 20 percent of demolition tasks of another 5-storey building was carried out. Moreover, a 13-storey building to be detonated was totally demolished.

The interdepartmental teams will continue to”systematically knock down the remaining buildings used in online scams and gambling in Shwe Kokko (Part-II). The government has placed emphasis on combat against online scams and gambling as a national responsibility and has been conducting effective raids against them so that they cannot take root in the country in coordination with local forces as well as neighboring governments.

100

---

*From Page 13*

and regional products of their country, people, and locality which will foster a love for their nation, people, and homeland, as well as a desire to continuously pass down and preserve national and patriotic pride and gave guidance on further necessary matters.

**Swimming pool, diving pool and the indoor stadium with stands in Dawei**

On arrival at the sites chosen for construction of a swimming pool, a diving pool and the indoor stadium with stands in Dawei, the President heard reports on construction process, and upgrade of Strand Road in Dawei in phases presented by the Region Chief Minister.

After hearing the reports, the President instructed that the indoor facility comprising a swimming pool, a diving pool, and spectator stands must be systematically designed for long-term sustainability, constructed to modern standards, and completed within the targeted timeframe. He stated that Dawei's Strand Road must be expanded from a two-lane to a four-lane main road, complete with designated roadside parking spaces and dedicated motorcycle lanes. He underscored that when carrying out urban road upgrades in Dawei, roadways should be systematically widened and developed based on projections of future growth in vehicular and motorcycle traffic. The President noted that in order to prevent flooding along road corridors and within residential wards, drainage ditches must be properly engineered to ensure smooth water flow and regularly cleared to prevent debris blockage. He underlined that streetlights should be systematically installed on both sides of the roads alongside weather-resilient shade and windbreak trees.

MNA

---

*From Page 14*

Having become civil servants, they must uphold professional ethics while consistently maintaining integrity, accountability, responsibility, discipline, and respect for the public. He reminded to always bear in mind that each of their actions reflects not only their personal honor but also the dignity of the Ministry of Health. Additionally, he stated that the Ministry of Health has arranged orientation courses at assigned hospitals to familiarize them with Civil Service laws, rules, regulations, ethics, and standard procedures.

He stated that the newly appointed doctors need to continuously enhance their academic qualifications and professional competence. In providing medical treatment, they must prioritize loving-kindness and compassion, treating patients with a family-like spirit as if they were their own parents, siblings, and relatives. Furthermore, he instructed to strictly observe medical ethics, focusing on actively listening to patients, offering clear explanations to patients and their families, safeguarding patient privacy and confidentiality, and respecting patient dignity. **The President urged them to strive to become reliable, responsible, patient-centered doctors whom the state can depend upon while safeguarding the dignity of their profession.**

As medical science is constantly evolving, today's knowledge can be further advanced and updated tomorrow. Therefore, continuous, lifelong learning is essential throughout a medical professional's career. He encouraged them to read consistently for life and knowledge, learn from experienced senior medical professors and mentors, regularly self-reflect on their practices to deliver better treatment, engage in research and innovation, and strive to match regional standards in medical care. In addition, he expressed the support for their efforts to further pursue Master's and Doctorate degrees, and to strive to become specialists and professors to elevate their academic and professional standing.

He also advised to study modern and advancing medical technologies, including AI-driven treatments, digital health, and telemedicine.

As the Ministry of Health works tirelessly day and night with the objectives of elevating national healthcare standards, ensuring longevity, and preventing disease for the entire public, today's ceremony marks a crucial milestone toward achieving these goals. The appointment letters received today signify not only the commencement of their duties but also the acceptance of trust entrusted by the state and the public. He urged to treasure this trust, dedicate their knowledge, time, effort, and goodwill toward public health, prioritize patients based on expertise and ethics throughout their medical careers, value their assigned regions, collaborate with colleagues, and pursue continuous learning.

**Protecting the health of an individual is equivalent to safeguarding the future of a family**. Therefore, he called upon them to make the best use of their knowledge and goodwill for the public good, and to strive to become good doctors relied upon by the state and trusted healthcare professionals relied upon by the public.

Subsequently, the President presented appointment letters for gazetted civil service officers to representatives from the respective medical universities, who accepted them on behalf of their institutions.

Afterward, a representative of the newly appointed doctors delivered a speech of thanks. Following that, the President and attendees watched a documentary video clip highlighting the Ministry of Health's operational achievements toward its targets of longevity and disease prevention for all.

Later, students from the University of Medicine 1, Yangon, presented a musical performance titled "Land of National Brethren."

The President then presented fruit baskets and cash awards to the performing students and staff, greeting them warmly, according to reports.

MNA

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညို၍ နိုင်ငံတော်သမ္မတက ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး ဘက်စုံအလှူငွေများပေးအပ်ရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရွှေတောင်စားစေတီတော်မြတ်ကြီးရှိ မဟာဝိဇယခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီးအား ထိုးခတ်ပူဇော်သည်။

ဆက်လက်၍ စေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး သိမ်တော်ကြီးအား ရှေးမူလက်ရာမပျက်ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရွှေတောင်စား စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုပြီး ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီး ရေရှည်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်တွင် ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ကျောဖုံးမှအဆက်

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

## ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု

ထို့နောက် လေဆိပ်အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဝင်းမင်းတို့က ထားဝယ်လေဆိပ်ဆိုင်ရာ အချက်အလက်များ၊ ထားဝယ်လေဆိပ် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းတို့ကို ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့် လေယာဉ်ဆိုက်ရောက်ပျံသန်းဝင်ထွက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်သဖြင့် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်မှုကို ကြိုတင် ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်မှုရှိစေရေး၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆင်းသက်နိုင်ရေးနှင့် လေယာဉ်ပြေးလမ်းတစ်လျှောက် ရေဝပ်ဧရိယာများမရှိစေရေး ရေနုတ်မြောင်းများ စနစ်တကျတွက်ချက်ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်းနှင့် လေယာဉ်ပြေးလမ်းဝဲယာ လမ်းပခုံးမြေသားများ စနစ်တကျဖော်ဆောင်ခြင်း၊ ပြေးလမ်းတစ်လျှောက် ပတ်ဝန်းကျင်တွင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ရွှေဝယ်သီရိပညာဗိမာန်စာကြည့်တိုက်

ဆက်လက်၍ ထားဝယ်မြို့ ညောင်ရမ်း(တောင်)ရပ်ကွက်ရှိ ရွှေဝယ်သီရိပညာဗိမာန်စာကြည့်တိုက်သို့ရောက်ရှိကြပြီး စာကြည့်တိုက်အတွင်း စာဖတ်ခန်း၊ E-Library၊ သုတစာအုပ်စင်နှင့် စာကြည့်တိုက်အတွင်း သုတ၊ ရသစာအုပ်များ စနစ်တကျထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အများပြည်သူ အသိဉာဏ်ပညာဗဟုသုတတိုးပွားလာစေရန်နှင့် စာအုပ်စာပေများကို အလွယ်တကူဖတ်ရှုလေ့လာနိုင်ရေး စာကြည့်တိုက်လုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်သွားရန်၊ စာဖတ်သူများ ပိုမိုတိုးပွားလာစေရေး အားပေးစည်းရုံးဆောင်ရွက်သွားရန်၊ စာကြည့်တိုက်တွင် သုတ၊ ရသစာအုပ်စာစောင်များ အမြဲမပြတ်ဖြည့်ဆည်းပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ရွှေဝယ်သီရိပညာဗိမာန်စာကြည့်တိုက် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

## ရွှေဝယ်သီရိအားကစားကွင်း

ယင်းနောက် ရွှေဝယ်သီရိအားကစားကွင်းသို့ရောက်ရှိကြပြီး ပွဲကြည့်စင်အသစ်တည်ဆောက်ရန်လျာထားဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် အားကစားကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပွဲကြည့်စင်အသစ်တည်ဆောက်ရာတွင် စနစ်တကျဖြစ်စေရေးနှင့် အားကစား




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေတောင်စားစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။



တည်တံ့ခိုင်မြဲစေရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်၊ စေတီတော်ကြီးရင်ပြင်တော်ရှိ အက်ကွဲပျက်စီးလျက်ရှိသည့် ကြွေပြားများကို ပြန်လည်ပြုပြင်လဲလှယ်သွားရန်နှင့် ရင်ပြင်တော်အား အမြဲသန့်ရှင်းနေစေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

### သက်တော်ရှည်ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများကို သွားရောက်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် သက်တော် ၁၀၄ နှစ်၊ ဝါတော် ၈၄ ဝါရှိ သက်တော်ရှည်ဆရာတော်ကြီးဖြစ်သော ထားဝယ်မြို့ ဇေယျဝတီစာသင်တိုက်ပဓာနနာယက ဂဏဝိမုတ်ကူးတို့ဂိုဏ်းချုပ်ဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအရိန္ဒမအား ကျန်းမာရေးစောင့်ရှောက်ပေးထားမှု အခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ်တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများနှင့်ပတ်သက်၍ အမြဲမပြတ်စောင့်ကြည့်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ဆရာတော်ကြီးအားဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ ဆေးရုံအဆင့်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ဆေးရုံဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

---

ကွင်းကို စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေးနှင့် အထူးတန်းအပါအဝင် ပွဲကြည့်စင်သစ်များ ထပ်မံတိုးချဲ့ဆောက်လုပ်ပေးနိုင်ရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကာ ထားဝယ်မြို့အတွင်းနှင့် ကမ်းနားလမ်းတစ်လျှောက် မြို့ပြဖွံ့ဖြိုးမှုနှင့် ကမ်းနားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်

ဆက်လက်၍ ဆန်းချီရပ်ကွက် ကမ်းနားလမ်းရှိ တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သဘာဝအလှရှုခင်းများ ပြခန်း၊ ဆလုံတိုင်းရင်းသားပြခန်း၊ ရိုးရာပွဲတော်များပြခန်း၊ ရိုးရာလက်မှုလုပ်ငန်းများပြခန်း၊ ကျောက်ခေတ်လူသားများ နေထိုင်သည့်ဂူနှင့် ကျောက်ခေတ်သုံး လက်နက်များ၊ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများ၊ သမိုင်းဝင်အသုံးအဆောင်ပစ္စည်းများ၊ တနင်္သာရီဒေသ၏သမိုင်းကြောင်းစဉ်လာနှင့် ရှေးဟောင်းမြို့တော်များ ပြခန်း၊ ရိုးရာစီးပွားရေးလုပ်ငန်းများပြခန်းတို့ကို ပြခန်းတစ်ခုချင်းစီအလိုက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်သမ္မတသည် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြတိုက်အတွင်းရှိ ရှေးဟောင်းပစ္စည်းများနှင့် သမိုင်းဝင်မှတ်တမ်းများ၊ အထောက်အထားများသည် ငွေကြေးနှင့် တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်အမွေအနှစ်များဖြစ်သည့်အတွက် ရေရှည်တည်တံ့စေရန်နှင့် ပျက်စီးယိုယွင်းမှုမရှိစေရန် အထူးဂရုပြု စောင့်ရှောက်ထိန်းသိမ်းသွားရန်လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းမြို့တော်များ၏ ပုံစံငယ်ပြသထားရှိမှုကို ခေတ်စနစ်နှင့် လျော်ညီစွာပြန်လည်ပြုလုပ်ပြသသွားရန်လိုကြောင်း၊ ရှေးဟောင်းပေစာ၊ ပုရပိုက်စာများမှ ဖော်ပြချက်များကိုရေရှည်မပျောက်ပျက်စေရေးနှင့် နောင်လာနောက်သားတို့ သိရှိနိုင်ရေး နည်းပညာအသုံးပြု၍ ပြန်လည်ကူးယူထိန်းသိမ်းခြင်း၊ ဖော်ပြချက်များ၏ အဓိပ္ပာယ်နှင့် သမိုင်းနောက်ခံများကို ရှေးဟောင်းသုတေသနဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ သုတေသနပြုလုပ်ဖော်ထုတ်ခြင်းတို့ဖြင့် မြန်မာ့ရိုးရာစာပေယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်သွားရန် လိုကြောင်း၊ ပြခန်းများအလိုက် ရှေးဟောင်းပစ္စည်းများ၊ စေတီပုထိုးများ၊ ဘုရားများတွင်လည်း လာရောက်ကြည့်ရှုလေ့လာသူများ လွယ်ကူရှင်းလင်းစွာသိရှိနိုင်ရေး အကြောင်းအရာများ၊ ခုနှစ်၊ သက္ကရာဇ်များ၊ သက်တမ်းများကို ဖော်ပြထားရန်လိုကြောင်း။

ပြတိုက်သို့ ရပ်နီးရပ်ဝေးမှ လာရောက်လေ့လာကြသူများအပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းအားဖြင့် မိမိတို့နိုင်ငံနှင့် လူမျိုး၊ မိမိတို့ဒေသ၏ သမိုင်းကြောင်းအစဉ်အလာ၊ အမျိုးသားရေးလက္ခဏာ(National Identity)၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဘာသာ သာသနာ၊ ယဉ်ကျေးမှုတို့၏ကြီးမြတ်သည့် ရိုးရာတန်ဖိုးများနှင့် ဒေသထုတ်ကုန်များအစရှိသဖြင့် မိမိဒေသရပ်ရွာအပေါ် ပိုမိုနားလည်သဘောပေါက်သိရှိလာမည်ဖြစ်ပြီး နိုင်ငံနှင့် လူမျိုး၊ ဒေသကို ချစ်မြတ်နိုးစိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စဉ်ဆက်မပြတ်ဆက်လက်ဆင့်ကမ်း ထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



ထားဝယ်မြို့ ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အအုံ(Indoor Stadium) တည်ဆောက်မည့်မြေနေရာကို တွေ့ရစဉ်။

### ထားဝယ်မြို့ ရေကူးကန်၊ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါမိုးလုံလေလုံအဆောက်အအုံ (Indoor Stadium)

ထို့နောက် ထားဝယ်မြို့ ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အအုံ (Indoor Stadium) တည်ဆောက်မည့်မြေနေရာသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်ရွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည့်အခြေအနေများနှင့် ထားဝယ်မြို့ ကမ်းနားလမ်းကို အပိုင်းအလိုက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အအုံ တည်ဆောက်ရာတွင် ရေရှည်အတွက် စနစ်တကျတွက်ချက်၍ ခေတ်နှင့်အညီ အဆင့်အတန်းမီမီ တည်ဆောက်သွားရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်သွားရန်လိုကြောင်း၊ ထားဝယ်မြို့ ကမ်းနားလမ်းကို နှစ်လမ်းသွားမှ လေးလမ်းသွားလမ်းမကြီးအဖြစ် ယာဉ်များ လမ်းဘေးချရပ်နိုင်သည့် ယာဉ်ချရပ်များ၊ ဆိုင်ကယ်စီးနင်းသွားလာနိုင်သည့် လမ်းများအပါအဝင် တိုးချဲ့ဆောင်ရွက်သွားရန်နှင့် ထားဝယ်မြို့အတွင်းရှိလမ်းများကို အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင် နောင်အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပိုမိုများပြားလာနိုင်မှုအပေါ် မူတည်တွက်ချက်၍ လမ်းများကိုစနစ်တကျတိုးချဲ့ဖောက်လုပ်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်နှင့် လူနေရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် ရေစီးရေလာများကောင်းမွန်နေစေရေး ရေနုတ်မြောင်းများ စနစ်တကျဖောက်လုပ်ထားရှိရန်နှင့် ရေမြောင်းများအတွင်း အမှိုက်များပိတ်ဆို့မှုမရှိစေရေး အမြဲမပြတ်ဖယ်ရှားရှင်းလင်းသွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် လမ်းမီးတိုင်များစနစ်တကျတပ်ဆင်ထားရှိရန်နှင့် ရာသီဥတုဒဏ်ကိုခံနိုင်သည့် အရိပ်ရလေကာပင်များစိုက်ပျိုးသွားရန်လိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

ရှေ့ဖုံးမှအဆက်

ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်)များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာသို့ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် အခမ်းအနားကိုစတင်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းမောင်မယ်များက "ကျန်းမာစေသောလက်" တေးသရုပ်ဖော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် ကျန်းမာရေးဝန်ကြီးဌာနအတွက် အားသစ်လောင်းပေးသည့်နေ့ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် ပညာသင်ကြားမှုအဆင့်တစ်ခု ပြီးဆုံးပြီး ဆည်းပူးလေ့လာခဲ့သည့် ပညာရပ်များကို ပြည်သူ့အကျိုးအတွက် လက်တွေ့အသုံးချမည့် ဆရာဝန်ဘဝ၊ နိုင်ငံ့ဝန်ထမ်းဘဝကို တရားဝင်စတင်သည့် အရေးကြီးသည့် မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း။

ယနေ့ မောင်တို့မယ်တို့လက်ခံရရှိမည့် ခန့်အပ်လွှာသည် အလုပ်တစ်ခုရရှိကြောင်း အတည်ပြုသည့်စာရွက်စာတမ်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုက မိမိတို့အပေါ် ယုံကြည်အပ်နှံလိုက်သော တာဝန်ကိုကိုယ်စားပြုသည့် အမှတ်အသားတစ်ခုလည်းဖြစ်ကြောင်း၊ အဆိုပါယုံကြည်မှုကို တန်ဖိုးထားပြီး မိမိတို့၏ ပညာ၊ အချိန်၊ အင်အားနှင့်စေတနာတို့ကို ပြည်သူ့ကျန်းမာရေးအတွက် အကောင်းဆုံးအသုံးချကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်းကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် **"လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"** ဆိုသည့်မူဝါဒနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးသည် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထားကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း။

ထို့အပြင် **"ဆေးရုံရှိလျှင်၊ ဆရာဝန်ရှိရမည်"** ဆိုသည့် အဓိကရည်မှန်းချက်ကို ပြည့်ဝစေရေးအလေးထားပြီး မြို့ပြနှင့် ကျေးလက်မကျန်၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုကိုရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိ မြန်မာပြည်သူလူထု၏ မျှော်မှန်းသက်တမ်းသည် ၆၉ နှစ်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မျှော်မှန်းသက်တမ်းကို နှစ် ၇၀ ကျော် တိုးမြှင့်လာစေရန်ရည်မှန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အားသွန်ခွန်စိုက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးအသုံးစရိတ်သည် ၂၀၀၀ ပြည့်နှစ်တွင် စုစုပေါင်း အစိုးရအသုံးစရိတ်၏ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိခဲ့သော်လည်း ယခု ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ကျပ်သန်း ၁၃၉၁ ဘီလီယံကျော်ထိ တိုးမြှင့်ပေးထားပြီး ကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှု ယန္တရားကြီးတစ်ခုလုံး ပြည့်စုံကောင်းမွန်ရန်အတွက် ကျွမ်းကျင်သည့်ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ပြည့်ဝနေရန် အလွန်အရေးကြီးကြောင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးတွင် ပြည်သူလူထုအားလုံး လက်လှမ်းမီသည့်ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရန်အတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လုံလောက်အောင် တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင် Naypyitaw State Academy ၌ ဆေးသိပ္ပံပညာမဟာဌာန (Faculty of Medicine) ကို ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုအခါ ဆေးတက္ကသိုလ် ခြောက်ခုနှင့်ဆေးပညာနီးနွယ်တက္ကသိုလ် ၁၁ ခု စုစုပေါင်း တက္ကသိုလ် ၁၇ ခုရှိလာပြီဖြစ်ကြောင်း။

ထို့ပြင် ဆေးပညာဆိုင်ရာသင်ရိုးညွှန်းတမ်းများကိုလည်း နိုင်ငံတကာအဆင့်မီအဖြစ် မျှော်မှန်းရလဒ်အခြေခံသည့် စုစည်းချိတ်ဆက်သင်ကြားခြင်းစနစ်ကို ပြောင်းလဲသင်ကြားလျက်ရှိပြီး ကျန်းမာရေးပညာရှင်များကြား ယှဉ်တွဲလေ့လာသင်ယူမှု (Inter-professional Education)နှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်တတ်စေရေးတို့ကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများတွင်လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံမှုရှိစေရေးအတွက် လူသားအရင်းအမြစ်များကို နှစ်စဉ်စီမံချက်ဖြင့် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ နောင်လာမည့် ငါးနှစ်၊ ၁၀ နှစ်နှင့် ၁၅ နှစ်အတွက် ရည်မှန်းချက်ထားပြီး ရေတို၊ ရေရှည်စီမံချက်များကိုလည်း ရေးဆွဲစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်စားသောက်မှု၊ အိပ်ချပ်မှု၊ အဆောက်အအုံနှင့် လိုအပ်သည့်ထောက်ပံ့ကြေးများကိုလည်း နိုင်ငံတော်အစိုးရက ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်သည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အရေးကြီးသည့် အခြေခံအင်အားတစ်ရပ်ဖြစ်ကြောင်း၊ အလုပ်သင်ဆရာဝန်ကာလ အောင်မြင်ပြီးမြောက်ပြီးနောက် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အားဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၌ ယခုကဲ့သို့ အလုပ်ဝင်ရောက်လာကြသည်ကို အထူးဝမ်းမြောက်မိကြောင်း၊ နိုင်ငံတော်ကလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်း၊ ပြည်သူ့ဆေးရုံများတွင် အများပြည်သူလူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆရာဝန်လစ်လပ်နေရာများ မြန်မြန်ဆန်ဆန် ပြန်လည် ဖြည့်တင်းနိုင်ရေးအတွက် အလုပ်သင်ဆရာဝန်ကာလ ပြီးမြောက်ခဲ့သည့် မောင်တို့မယ်တို့ကို တိုက်ရိုက်ခန့်အပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၅ ခုနှစ် ဇူလိုင်လတွင်လည်း သစ်လွင်ဆရာဝန် ၁၂၇၆ ဦးနှင့် သစ်လွင်သွားနှင့် ခံတွင်းဆရာဝန် ၂၃ ဦးတို့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ယခုအခါ အဆိုပါဆရာဝန်များသည် တာဝန်ကျရာဒေသများတွင် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပြီး ဆေးပညာဘွဲ့လွန်သင်တန်းများ ဝင်ခွင့်ဖြေဆိုရန် ပြင်ဆင်နေကြပြီဟု သိရှိရကြောင်း။

ထိုသို့ ကျန်းမာရေးလူ့စွမ်းအားစုများကို ဖြည့်ဆည်းပေးနိုင်ရေးနှင့်အတူ အရေအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်ကပြည့်စုံသည့် ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများဖြစ်လာအောင်လည်းကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ကျန်းမာရေးလူ့စွမ်းအားစုများကို သမားဂုဏ်နှင့်အညီ ဆေးပညာကျင့်ဝတ်များဖြင့် ပြည်သူလူထုကို ဦးထိပ်ထားပြီး ကျန်းမာရေး ဝန်ဆောင်မှုများပေးနိုင်ရန် စဉ်ဆက်မပြတ် မွေးထုတ်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ပြီးဖြစ်သည့် မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်သည့်အလျောက် သက်ဆိုင်ရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အသီးသီးတို့တွင်လည်း လုပ်ငန်းခွင်အတွက် လိုအပ်သည့်အုပ်ချုပ်မှုဆိုင်ရာနှင့် ခေါင်းဆောင်မှုဆိုင်ရာ ပညာရပ်များကို ဆက်လက်သင်ကြားလေ့လာသွားနိုင်မည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ လေ့လာသင်ယူရာတွင် ဖွဲ့ရှိမှု၊ ခံနိုင်ရည်ရှိမှု၊ ကြံ့ခိုင်မှု၊ သည်းခံမှုနှင့် စည်းကမ်းသေဝပ်မှု စသည့် အရည်အချင်းကောင်းများကိုလည်း မွေးမြူသွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်လာပြီဖြစ်သည့်အတွက် မိမိ၏ပညာရပ်ဆိုင်ရာ ကျင့်ဝတ်ကို ထိန်းသိမ်းခြင်းနှင့်အတူ ရိုးသားမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ စည်းကမ်းရှိမှုနှင့် အများပြည်သူအပေါ် လေးစားမှုတို့ကို အမြဲတမ်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိ၏ လုပ်ဆောင်ချက်တစ်ခုချင်းစီသည် မိမိကိုယ်တိုင်၏ဂုဏ်သိက္ခာသာမက ကျန်းမာရေးဝန်ကြီးဌာန၏ ဂုဏ်သိက္ခာနှင့်လည်း ဆက်စပ်နေသည်ကို အမြဲသတိပြုကြရန် လိုကြောင်း၊ ထို့ပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာနိုင်ရန် တာဝန်ထမ်းဆောင်ရမည့်ဆေးရုံများတွင် သင်တန်းပို့ချပေးရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ထားပြီးဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

**လူနာများကို ကုသမှုပေးရာတွင် စေတနာ၊ ကရုဏာရှေ့ထားပြီး မိမိတို့၏ မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများသဖွယ် မိသားစုစိတ်ဓာတ်ဖြင့် ကုသမှုများပေးကြရမည်ဖြစ်၊ မိမိတို့၏ ပညာနှင့်စေတနာကို ပြည်သူ့အကျိုးအတွက် အကောင်းဆုံး အသုံးချကြရန်၊ နိုင်ငံတော်ကအားထားရသည့် ဆရာဝန်ကောင်းများ၊ ပြည်သူက ယုံကြည်အားကိုးရသည့် ကျန်းမာရေးပညာရှင်များဖြစ်အောင်ကြိုးစားကြရန် တိုက်တွန်းမှာကြားလို. . .**

စာမျက်နှာ ၁၉ သို့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်များအလိုက် ကိုယ်စားလှယ်များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာများ ပေးအပ်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်-၁ (ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက “သွေးချင်းတို့ရဲ့မြေ” သီချင်းဖြင့် တေးသရုပ်ဖော် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

မောင်တို့မယ်တို့အနေဖြင့် မိမိတို့၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုကို အစဉ်အမြဲမြှင့်တင်နေကြရန်လိုကြောင်း၊ လူနာများကို ကုသမှုပေးရာတွင် စေတနာ၊ ကရုဏာရှေ့ထားပြီး မိမိတို့၏ မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများသဖွယ် မိသားစုစိတ်ဓာတ်ဖြင့် ကုသမှုများပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆေးဘက်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာထိန်းသိမ်းပြီး လူနာကိုနားထောင်ပေးခြင်း၊ လူနာနှင့် မိသားစုကိုရှင်းလင်းစွာရှင်းပြခြင်း၊ လူနာ၏ကိုယ်ရေးအချက်အလက်နှင့် လျှို့ဝှက်ချက်ကို ထိန်းသိမ်းခြင်းနှင့် လူနာ၏ဂုဏ်သိက္ခာကိုလေးစားခြင်းတို့ကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **မိမိတို့ Professional ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သည့်၊ နိုင်ငံတော်က အားကိုးရသည့်၊ တာဝန်ယူမှုရှိသည့် လူနာဗဟိုပြုဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကြရန် လမ်းညွှန်မှာကြားလိုကြောင်း။**

ဆေးပညာရပ်များသည် အမြဲတမ်းတိုးတက်ပြောင်းလဲနေသည် ဖြစ်သည့်အတွက် ယနေ့သိထားသည့်အသိပညာသည် မနက်ဖြန်တွင် ထပ်မံတိုးတက်ပြောင်းလဲဆန်းသစ် နေနိုင်ကြောင်း၊ ထို့ကြောင့် ဆေးပညာရှင်ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ်သင်ယူလေ့လာကြရန်လိုအပ်ကြောင်း၊ ဘဝအတွက်၊ အသိပညာဗဟုသုတအတွက် စာဖတ်ခြင်းကို အမြဲမပြတ်ပြုလုပ်ရန်၊ အတွေ့အကြုံရှိသည့် ဆရာကြီး၊ ဆရာမကြီးများထံမှ သင်ယူလေ့လာကြရန်၊ မိမိတို့၏လုပ်ဆောင်မှုများကို အမြဲပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သည့် ကုသမှုမျိုးပေးနိုင်အောင် ကြိုးစားကြရန်၊ သုတေသနပြုလုပ်ပြီး ဆန်းသစ်တီထွင်ကြရန်၊ ကုသရေးတွင် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မောင်တို့မယ်တို့၏ ပညာရည်အဆင့်မြင့်မားလာစေရေးအတွက် မဟာဘွဲ့များ၊ ပါရဂူဘွဲ့များရရှိအောင်၊ အထူးကုများ၊ ပါမောက္ခကြီးများဖြစ်အောင် ဆက်လက်ကြိုးစား အားထုတ်သွားကြရန်လည်း အားပေးပြောကြားလိုကြောင်း။

ယခုခေတ်တွင် ဉာဏ်ရည်တုနည်းပညာအသုံးပြုဆေးကုသမှုများ၊ ဒစ်ဂျစ်တယ်ကျန်းမာရေး၊ အွန်လိုင်းကတစ်ဆင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းစသည့် ခေတ်မီတိုးတက်သည့် ဆေးဘက်ဆိုင်ရာနည်းပညာများကိုလည်း လေ့လာကြရန်မှာကြားလိုကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ပြည်သူတစ်ရပ်လုံးသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေး၊ ရောဂါဘယကင်းဝေးစေရေးအတွက် ဦးတည်ချက်ထားပြီး နေ့ညမပြတ်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် အဆိုပါရည်ရွယ်ချက်များ အောင်မြင်စေရန်အလွန်အရေးပါသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ယနေ့ မောင်တို့မယ်တို့ လက်ခံရရှိသည့် ခန့်အပ်လွှာသည် တာဝန်စတင်ခြင်းကိုသာမဆိုလိုဘဲ နိုင်ငံတော်နှင့်ပြည်သူလူထု၏ ယုံကြည်အပ်နှံမှုကို လက်ခံရရှိခြင်းလည်းဖြစ်ကြောင်း၊ ယင်းယုံကြည်မှုကို တန်ဖိုးထားပြီး မိမိတို့၏ ပညာ၊ အချိန်၊ အင်အားနှင့် စေတနာတို့ကို ပြည်သူ့ ကျန်းမာရေးအတွက် အကောင်းဆုံး အသုံးချကြရန်၊ ရှေ့ဆက်မည့် ဆရာဝန်ဘဝတွင် ပညာရပ်နှင့်ကျင့်ဝတ်ကို အခြေခံပြီး လူနာကိုဦးထိပ်ထားကြရန်၊ မိမိတာဝန်ကျရာဒေသကို တန်ဖိုးထားကြရန်၊ လုပ်ဖော်ကိုင်ဖက်များနှင့်ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန် မှာကြားလိုကြောင်း။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများကို ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

**ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးကို စောင့်ရှောက်ခြင်းသည် မိသားစုတစ်စု၏အနာဂတ်ကို စောင့်ရှောက်ခြင်းလည်း ဖြစ်ကြောင်း၊** ထို့ကြောင့် မိမိတို့၏ ပညာနှင့်စေတနာကို ပြည်သူ့အကျိုးအတွက် အကောင်းဆုံးအသုံးချကြရန်၊ နိုင်ငံတော်ကအားထားရသည့် ဆရာဝန်ကောင်းများ၊ ပြည်သူက ယုံကြည်အားကိုးရသည့် ကျန်းမာရေးပညာရှင်များဖြစ်အောင်ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဆေးတက္ကသိုလ်များအလိုက်မှ ကိုယ်စားလှယ်များကို နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင် အရာရှိခန့်အပ်လွှာများ ပေးအပ်ရာ တက္ကသိုလ်တစ်ခုချင်းစီအလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ဆရာဝန်(သစ်လွင်) ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်းသက်ရှည် ကျန်းမာစွာနေထိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေးလုပ်ငန်းရည်မှန်းချက်အပေါ် လုပ်ငန်းဆောင်ရွက်ချက်များ မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် ဆေးတက္ကသိုလ်-၁ (ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက “သွေးချင်းတို့ရဲ့မြေ” သီချင်းဖြင့် တေးသရုပ်ဖော် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများကို ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“တာဝန်ယူစိတ်မရှိတဲ့ အကြမ်းဖက် NUG ရဲ့ စကားတွေအောက်မှာ တစ်ယူသန်စိတ်နဲ့ ဘဝနစ်မွန်းခံမှာလား၊ လွတ်လပ်ပျော်ရွှင်တဲ့ ပြည်သူလုပ်မှာလား”** ခေါင်းစဉ်ဖြင့် ၁၄-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၁-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ကမ်းပိန်းပေါင်းများစွာ အမည်တပ်ခွက်ခေါက်ပြီး ကိုယ်ကျိုးရှာတော်လှန်ရှင်သန်ရင်း ပြည်တွင်းစစ်မီးမွှေးနေဆဲ NUG၊ PDF အကြမ်းဖက်အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၂**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၃၅ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၅၄ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးပြီးဖြစ်သော ဒေါက်တာမျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုးတို့က ကတိသစ္စာပြုကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် အစားထိုးခန့်အပ် တာဝန်ပေးလိုသော ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် ခန့်အပ်တာဝန်ပေးလိုသော ဒေါက်တာကိုကိုလွင်တို့ကို ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့တွင် သဘောတူကြောင်း ကြေညာမည်ဖြစ်ပြီး ကန့်ကွက်လိုသူရှိပါက သတ်မှတ်ထားသည့် အရည်အချင်းနှင့်မပြည့်စုံကြောင်း ခိုင်လုံသောသက်သေအထောက်အထားဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့ကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက** ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့ကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကို ကာကွယ်တားဆီးရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းဖြင့် ရှင်းလင်းတည်ငြိမ်သော စည်းမျဉ်းစနစ်များဖြင့် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် အရေးပါသည့်ဥပဒေရေးရာ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မတို့အရ ညီညွတ်ကိုက်ညီပြီး မိမိတို့နိုင်ငံအတွက် အပြုသဘောဆောင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်သည့် စာချုပ်တစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့ကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်တိမ်းရှောင်မှုကို ကာကွယ်တားဆီးရေးသဘောတူစာချုပ်ကို အတည်ပြုပေးနိုင်ရေး ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီး**က ယခုချုပ်ဆိုသည့်စာချုပ်သည် နှစ်နိုင်ငံကြား အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေးနှင့် အခွန်တိမ်းရှောင်မှုကို ကာကွယ်တားဆီးရေး သဘောတူစာချုပ်သည် အခွန်နှစ်ထပ်ကျသင့်မှုကို လျှော့ချနိုင်ခြင်း၊ အားပေးနိုင်ခြင်း၊ အခွန်ရှောင်တိမ်းမှုများနှင့် နိုင်ငံဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာတားဆီးနိုင်ခြင်း၊ နှစ်နိုင်ငံကြား အခွန်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခြင်း၊ နှစ်နိုင်ငံစီးပွားရေးကို ပိုမိုခိုင်မာစေခြင်း စသည့်အကျိုးကျေးဇူးကိုရမည်ဖြစ်ကြောင်း၊ အဆိုပါစာချုပ်သည် မြန်မာနိုင်ငံအတွက် စီးပွားရေးအကျိုးစီးပွား၊ အခွန်ထမ်းပြည်သူများ၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အခွန်ဘဏ္ဍာရေးအကျိုးစီးပွားတို့အတွက် များစွာအကျိုးရှိသည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်**က အခွန်နှစ်ထပ်ပေးဆောင်ရခြင်း သက်သာခွင့်ရရှိပါက ရရှိနိုင်သောအကျိုးကျေးဇူးများမှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်လုပ်ကိုင်လာနိုင်ခြင်း၊ နှစ်နိုင်ငံယုံကြည်မှု ပိုမိုတည်ဆောက်လာနိုင်ခြင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံပိုမိုဖွံ့ဖြိုးလာခြင်း၊ အခွန်ရှောင်မှုနှင့် တရားမဝင်ငွေလွှဲပြောင်းမှုများမှ တားဆီးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ခြင်းတို့ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရကြား ဝင်ငွေခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုများမှ ကာကွယ်ခြင်း သဘောတူစာချုပ်ကို မိမိတို့မြန်မာနိုင်ငံက လက်မှတ်ရေးထိုးမှုကို ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၁) ဦးဖေသန့်ဇော်၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦးတို့က ဆွေးနွေးကြသည်။

အဆိုပါ သဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နဝမအကြော့ အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေးသဘောတူညီချက် အသက်ဝင်ရေးအတွက် အတည်ပြုစာချွန်လွှာကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ**က အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေးသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ASEAN အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းကဏ္ဍတွင်လည်းကောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍနှင့် အခြားသော ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍအောက်ရှိ ကဏ္ဍခွဲများတွင်လည်းကောင်း ဖြေလျှော့ပေးမှုများ ရရှိခြင်းမှတစ်ဆင့် နိုင်ငံတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေးကို အထောက်အကူဖြစ်စေပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးရှိနိုင်သဖြင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော နဝမအကြော့ အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေးသဘောတူညီချက် အသက်ဝင်နိုင်ရေးအတွက် ပြည်တွင်းအတည်ပြုရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးစီးကြောင်း အတည်ပြုစာချွန်လွှာ ပြင်ဆင်ပေးပို့နိုင်ရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်**က မိမိနိုင်ငံအနေဖြင့် အချိန်မီ သံတမန်နည်းလမ်းအတိုင်း "စာချွန်လွှာ" ပေးပို့ထားခဲ့ပါက အာဆီယံနိုင်ငံများ၏ ငွေကြေးဝန်ဆောင်မှုတွင် ဖြေလျှော့ပေးမည့် သက်သာခွင့်ကိုလည်းရရှိမည်ဖြစ်ပြီး အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တုံ့ပြန်မှုအခွင့်အရေးများ မဆုံးရှုံးနိုင်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ယုံကြည်ကိုးစားမှုကို ရယူစေနိုင်ခြင်း စသည်ဖြင့် မိမိနိုင်ငံ ရခွင့်ရှိသည့်အခွင့်အရေးများကို ရရှိစေမည်ဖြစ်ပါကြောင်း၊ အကယ်၍ မိမိနိုင်ငံအနေဖြင့် "စာချွန်လွှာ"ကို သံတမန်နည်းလမ်းအဖြစ် အချိန်မီ ပေးပို့ထားခြင်းမရှိခဲ့ပါက အဆိုပါကိစ္စသည် စာရွက်ထဲ၌သာရှိနေပြီး လက်တွေ့တွင် အာဏာသက်ရောက်မှု မရှိနိုင်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မိမိနိုင်ငံအနေဖြင့် အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဖြေလျှော့ပေးရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါ၍ အဆိုပါစာချုပ်အသက်ဝင်စေရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အတည်ပြု "စာချွန်လွှာ"ကို သံတမန်နည်းလမ်းဖြင့် အမြန်ဆုံးပေးပို့ထားသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၀) ဦးကျော်ကျော်လတ်**က အဆိုပါ စာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်စေပြီး နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးတွင် စီးပွားရေးကုန်ကျစရိတ်များ လျှော့ချနိုင်ပါကြောင်း၊ ဒေသတွင်းဘဏ်များနှင့် အာမခံကုမ္ပဏီများကြား ယှဉ်ပြိုင်မှု အားကောင်းလာသဖြင့် Digital Banking Fintech ဝန်ဆောင်မှုများနှင့် သက်သာသောဝန်ဆောင်ခများ ခံစားခွင့်ရရှိစေပါကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)အနေဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ပိုမိုလွယ်ကူစွာရယူနိုင်ပြီး ကုန်ကျစရိတ်သက်သာသော အာမခံအကာအကွယ်များရရှိစေပါကြောင်း၊ ပူးပေါင်းစောင့်ကြည့်ရေးနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကြောင့် ငွေရေးကြေးရေးကပ်ဘေးနှင့် အကျပ်အတည်းများကို စုပေါင်းတွန်းလှန်နိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နဝမအကြော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်သည် အာဆီယံဒေသတွင်း ငွေရေးကြေးရေးဈေးကွက်များ ခိုင်မာစွာပေါင်းစည်းရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအတွက် ဘဏ္ဍာရေးဆိုင်ရာအခွင့်အလမ်းများ ပိုမိုပွင့်လန်းလာစေရေးတို့အတွက် အရေးပါသောသဘောတူညီချက်ဖြစ်သဖြင့် အဆိုပါသဘောတူညီချက် အမြန်ဆုံးအသက်ဝင်အကောင်အထည်ဖော်နိုင်ရေးအတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေနှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်တို့က ထောက်ခံဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည်အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာတွင်ပါရှိသည့် ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ စီးပွားရေးဖွဲ့စည်းမှုပုံသဏ္ဌာန်၊ ရင်းနှီးမြှုပ်နှံမှုနှင့်အခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်း၊ ကုန်သွယ်မှုကဏ္ဍ၌ ပို့ကုန်တင်ပို့နိုင်မှု၊ အဓိက ကုန်သွယ်ဘက်နိုင်ငံများ၊ ပို့ကုန်တွင် ထပ်ဆင့်တိုးတန်ဖိုးကုန်ပစ္စည်းများ၏ ပါဝင်မှုအခြေအနေ၊ ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန်အခြေအနေ၊ မြန်မာနိုင်ငံသို့လာရောက်သည့် နိုင်ငံခြားသားခရီးသည်နှင့် သုံးစွဲခဲ့သည့်နိုင်ငံခြားငွေ၊ လျှပ်စစ်ဓာတ်အားတပ်ဆင်အင်အားနှင့် အရင်းအမြစ်အလိုက်ပါဝင်မှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ၊ ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေ၊ အမျိုးသားစီမံကိန်းအပေါ် ကဏ္ဍအလိုက်အကောင်အထည်ဖော်နိုင်မှုအနေဖြင့် ကဏ္ဍအလိုက်တိုးတက်မှုနှုန်းရည်မှန်းချက်နှင့် ဧပြီလမှ မတ်လကုန် (ယာယီ)ထိ အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ၊ ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် တိုးတက်မှုနှုန်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၊ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်ပအကူအညီအထောက်အပံ့၊ နည်းပညာအကူအညီနှင့် ချေးငွေရရှိမှုအခြေအနေတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့ပြင် ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ အခြေခံပညာကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်နိုင်ရန်အတွက် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရန်နှင့် သင်ယူမှုအခွင့်အလမ်းမြင့်မားစေရန် ဆောင်ရွက်လျက်ရှိမှု၊ ကျောင်းဆောင်အသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ဥပဓိရုပ်မကောင်းသည့် ကျောင်းနှင့် အဆောင်များ ပြင်ဆင်ခြင်းနှင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ နှစ်စဉ်တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့မှု၊ အခြေခံပညာကဏ္ဍအတွက် လိုအပ်လျက်ရှိသော ဆရာအရေအတွက် ရရှိရေး၊ ဆရာများ၏ အရည်အသွေးမြင့်မားရေးအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးမှု၊ ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်း၍ မြို့ပြနှင့်ကျေးလက်ဒေသများ၌ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ဆေးရုံအခြေပြု ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွင်း ကွင်းဆင်းကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျန်းမာရေးအသိပညာ မြှင့်တင်ပေးရန်၊ မကူးစက်နိုင်သောရောဂါများ စောစီးစွာရှာဖွေကုသမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ အရေးပေါ်အခြေအနေများအတွက် **စာမျက်နှာ ၂၂ သို့**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၅ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ရှိ ခရိုင်အားကစားကွင်းကို အဆင့်မီခရိုင်အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန်နှင့် ဝန်ထမ်းအင်အားဖွဲ့စည်းပုံအတိုင်း အပြည့်အဝထားရှိပေးနိုင်ပါရန် ၂၀၂၆ – ၂၀၂၇ (RE ဘတ်ဂျက်) ဖြည့်စွက်ရန်ပုံငွေဖြင့်လည်းကောင်း၊ ၂၀၂၇ – ၂၀၂၈ ဘဏ္ဍာနှစ်တွင်လည်းကောင်း ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အားကစားကွင်းကို ၁၉၆၉ ခုနှစ်တွင် မြေဧရိယာ ၉ ဒသမ ၅၇၅ ဧကပေါ်၌ တည်ဆောက်ခဲ့ပြီး အဆင့်မီအားကစားကွင်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် အဆိုပါအားကစားကွင်း အုတ်တံတိုင်း ပေ ၁၀၀၀ ကာရံခြင်းလုပ်ငန်းကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေစာရင်းမှ ငွေကျပ် ၁၄၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊

ထို့ပြင် ကျောက်ဆည်ခရိုင် အားကစားခန်းမ အလျား ပေ ၁၂၀၊ အနံ ပေ ၉၀ အမိုးပြုပြင်ခြင်း၊ ကြမ်းခင်းပြုပြင်ခြင်းနှင့် ပြတင်းမှန်၊ အလင်းမှန်များ ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၀၈၀၊ ရိုးရိုးတန်းပွဲကြည့်စင် အလျား ပေ ၆၀၊ အနံ ၂၃ ပေ နှစ်စင် ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၄၁၄ သန်း၊ ဂါလန် ၉၀၀ ဆံ့(ခြောက်ပေပတ်လည်) အုတ်ရေစင်ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၄၅ သန်း၊ အားကစားသမားနားနေဆောင် အလျား ၃၃ ပေ၊ အနံ ၂၂ ပေ၊ အမြင့် ၁၂ ပေ ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၀၈ ဒသမ ၉ သန်း၊ လုပ်ငန်း လေးခုအတွက် စုစုပေါင်းကုန်ကျငွေကျပ် ၁၆၄၇ ဒသမ ၉ သန်းကို မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေမှ သုံးစွဲရန် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါ၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊

ကျောက်ဆည်ခရိုင်ဘောလုံးကွင်း နှစ်ပေဒု မြေဖို့ အဆင့်မြှင့်တင်ခြင်းနှင့် မီတာ ၄၀၀ ပြေးလမ်း ကျောက်မှုန့်ခင်းခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၄၀၀ ဒသမ ၇၉၄ သန်းကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊

ဖွဲ့စည်းပုံအရခန့်အပ်နိုင်ရန်အတွက် ကျောက်ဆည်ခရိုင်တွင် အငယ်တန်းစာရေး တစ်ဦး၊ လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး တစ်ဦး၊ ရုံးအကူ တစ်ဦး၊ အမှုထမ်း သုံးဦး၊ ကျောက်ဆည်မြို့နယ်တွင် ရုံးအကူ တစ်ဦး စုစုပေါင်းအမှုထမ်း လေးဦး လိုအပ်မည်ဖြစ်ပါကြောင်း၊ ခန့်အပ်ရန်ကျန်ရှိသည့် အမှုထမ်းရာထူးနေရာများအတွက် ဝန်ထမ်းလျှောက်ထားလာပါက ဒေသခံများကို ဦးစားပေးခန့်ထားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။




ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ဝန်ကြီးဌာနအနေဖြင့် တောင်ကြီးမြို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း ဆောက်လုပ်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မြေနေရာ တောင်းခံသွားမည်ဖြစ်ပြီး နှစ်အလိုက်ဘတ်ဂျက်ရန်ပုံငွေခွဲဝေရရှိမှုပေါ်မူတည်၍ အဆောက်အအုံဆောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးမျိုးသန့်၏ **ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းတိုက်နယ် အနောက်ခြမ်း တောင်ရိုးဒေသ ခုံကြီးကျေးရွာအုပ်စု တလိုင်းခုံကျေးရွာနှင့် တောင်ပေါ်ကုန်းကျေးရွာ ဆက်သွယ်သည့် သဲဖြူချောင်းကူးတံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက သဲဖြူချောင်းကူးတံတား တည်ဆောက်ရမည့်နေရာသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးက စီမံခန့်ခွဲသော မဲဇလီကုန်း –ချင်းကုန်း –မကျည်းပင်ကွင်းလမ်း၊ ကျောက်လမ်း နှစ်ဖာလုံ၊ မြေသားလမ်း ၉ မိုင် ၁ ဖာလုံ စုစုပေါင်း လမ်းမိုင်အရှည် ၉ မိုင် ၃ ဖာလုံရှိ Class(A) အဆင့်လမ်းပေါ်တွင် တည်ရှိပါကြောင်း၊ တလိုင်းခုံကျေးရွာနှင့် တောင်ပေါ်ကုန်းကျေးရွာကို ဆက်သွယ်သည့် သဲဖြူချောင်းကိုဖြတ်၍ ဆောက်လုပ်လိုသည့် တံတားဖြစ်ပါကြောင်း၊ လက်ရှိတွင် တည်ဆောက်ထားသော တံတားဟောင်းမရှိဘဲ နွေရာသီတွင် ချောင်းအတွင်းမှ ဖြတ်သန်းသွားလာပြီး မိုးရာသီတွင် ချောင်းရေမြင့်တက်မှုကြောင့် ဖောင်များဖြင့်သာ သွားလာရပါသဖြင့် အရှည်ပေ ၁၂၀၊ အကျယ်ပေ ၂၀ ချောင်းကူးတံတားအသစ် တစ်စင်း တည်ဆောက်လိုခြင်းဖြစ်ပါကြောင်း၊

သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်မည်ဆိုပါက ခန့်မှန်းငွေကျပ် သန်း ၁၃၈၀ ကုန်ကျမည်ဖြစ်ပါကြောင်း၊ တံတားအသစ်တည်ဆောက်နိုင်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှုကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း၊

သို့ပါ၍ မဲဇလီကုန်း–ချင်းကုန်း–မကျည်းပင်ကွင်းလမ်းပေါ်ရှိ သဲဖြူချောင်းကူးတံတားအသစ် တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ခွန်စောလွင်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အေးသာယာ၊ ညောင်ရွှေ၊ နန်းပန်၊ တုံဟုန်း၊ ပင်လောင်း ကတ္တရာလမ်းမကြီးမှ နန်းပန်၊ ခတ်တော်ရေဦးလမ်း၊ ခတ်တော်ရေဦး–နမ့်လီလမ်း၊ နမ့်လီ–ပွေးတောင်၊ ထီဝါးမှုူးလမ်းနှင့် ထီဝါးမှုူး–ထီဖူး–ထီနို့–နားဟီးလမ်းတို့ ဆက်သွယ်ထားသော စုစုပေါင်းလမ်းမိုင်အရှည် ၁၈ မိုင် ၁ ဒသမ ၉၆ ဖာလုံရှိသည့် မြို့နယ်ချင်းဆက်လမ်းကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ညောင်ရွှေမြို့နယ် နန်းပန်–ခတ်တော်ရေဦးလမ်း၊ ခတ်တော်ရေဦး–နမ့်လီလမ်း၊ နမ့်လီ–ပွေးတောင်–ထီဝါးမှုူးလမ်းတို့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းများဖြစ်ပြီး ကတ္တရာလမ်း ၂ မိုင် ၃ ဖာလုံ၊ ကျောက်ချောလမ်း ၇ မိုင် ၄ ဒသမ ၉၆ ဖာလုံ၊ မြေသားလမ်း ၃ မိုင် ၂ ဖာလုံ စုစုပေါင်း ၁၃ မိုင် ၁ ဒသမ ၉၆ ဖာလုံရှိပါကြောင်း၊

ခတ်တော်ရေဦး– နမ့်လီလမ်းတွင် မြေသားလမ်း ၃ မိုင် ၂ ဖာလုံရှိသည့်အနက် တစ်မိုင်ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သော အမာခံကျောက်လမ်းအဖြစ် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လတ်တလောဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း၊

တောင်ကြီးမြို့နယ်အတွင်းရှိ ထီဝါးမှုူး–ထီနို့–ထီဖူး–နားဟီးလမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနက စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ငါးမိုင်ရှိပါကြောင်း၊ အဆိုပါလမ်းသည် ဒေသမှကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားသည့် မြေသားလမ်းဖြစ်ပါကြောင်း၊ မြေသားလမ်း ငါးမိုင်တွင် ကျောက်လမ်း ၁ မိုင် ၇ ဖာလုံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြေသားလမ်း ၃ မိုင် ၁ ဖာလုံ ကတ္တရာလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၈–၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းတွင် အဆိုပြုလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စုအတွင်းရှိ ကင်းဆိုးကျေးရွာနှင့် ဆီတိုင်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် ၁၅၇၄၁ ပေခန့်ရှည်လျားသော ကျေးရွာချင်းဆက်မြေသားလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု ကင်းဆိုးကျေးရွာသည် ပြည်ထဲရေးအမည်ပေါက်ကျေးရွာဖြစ်ပါကြောင်း၊ မြေပြင်တွင် ဆီတိုင်ကုန်းကျေးရွာဟူ၍ သီးခြားမရှိဘဲ ဥယျာဉ်ခြံများအတွင်း နေထိုင်ကြသည့် မိသားစုများသာရှိပါကြောင်း၊ ဆီတိုင်ကုန်းကျေးရွာဟူ၍လည်း ပြည်ထဲရေးအမည်ပေါက်စာရင်းတွင်ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊

ကင်းဆိုးကျေးရွာအတွင်း ဥယျာဉ်ခြံမြေ ဧက ၃၀၀၀ ခန့်ရှိပါကြောင်း၊ မြေသားလမ်း အရှည် ၃ မိုင် ၆ ဒသမ ၄၂ ဖာလုံအနက် နှစ်ဖာလုံကို ကျောက်ချောလမ်း ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ကျန်မြေသားလမ်း ၃ မိုင် ၄ ဒသမ ၄၂ ဖာလုံကို ကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊

ကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများအဖြစ် ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်း၊ အသေးစိတ်ခန့်မှန်းခြေတွက်ချက်ခြင်းများကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ရိုစာအဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးမိုးမြင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို အောက်တိုဘာ ၁၆ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

---

**စာမျက်နှာ ၂၀ မှအဆက်**

ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်ပေးရန်တို့အတွက် ဆေးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ သင်တန်းကျောင်းများမှကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ(၁/၂၀၂၆)ကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးတေဇကျော်က လွှတ်တော်သို့ အစီရင်ခံစာကို ရှင်းလင်းဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

◆ **သင်တန်းဖွင့်ပွဲမှ**

လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၉)သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)မှ သင်တန်းသားများကို တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင်









ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပစဉ်။




စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း၊တပ်ဖွဲ့ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

“ကျွန်တော် ဒီသင်တန်းကို မိမိရဲ့ဆန္ဒအရ စစ်မှုထမ်းရန် တက်ရောက်လာခြင်းဖြစ်ပါတယ်။ ဆရာတွေ သင်ကြားပေးတဲ့ ပညာရပ်အတိုင်း စနစ်တကျလိုက်နာသင်ယူမယ်လို့ ဆုံးဖြတ်ထားပါတယ်။ သင်တန်းကာလ ပြီးမြောက်သွားရင် အထက်ကပေးအပ်တဲ့ အမိန့်နဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားမှာပါ” ဟုပြောသည်။

“စစ်မှုထမ်းဆင့်ခေါ်စာပေါ့နော် နှစ်နှစ် တာဝန်ထမ်းဆောင်ရမယ်ဆိုပြီးတော့ ဆင့်ခေါ်စာရောက်လာလို့ လာရောက်ထမ်းဆောင်ခြင်းဖြစ်ပါတယ် ခင်ဗျ။ ဘယ်အရာမဆို အောင်မြင်အောင်ပေါ့ နောက်ဆုံးပြီးတဲ့အချိန်ထိ ကြိုးစားသွားမှာပါ။ တိုင်းပြည်ကို ကျေးဇူးဆပ်ရာလဲ ရောက်တယ်ပေါ့နော်။ ပြီးတော့ ဒီနှစ်နှစ်ဆိုတာကလဲ ဒါလူတိုင်း ယောက်ျားတိုင်း တာဝန်ထမ်းဆောင်ရမှာဖြစ်တဲ့အတွက် ရှောင်လွှဲလို့မရဘူးပေါ့။ အပြင်လောကနဲ့ တပ်မတော်ဆိုတာတော့ အများကြီး ကွာခြားတယ်ပေါ့နော်။ အပြင်မှာကျတော့ ကျွန်တော်တို့ နေချင်သလိုနေတယ်၊ စားချင်သလိုစားတယ်၊ သွားချင်သလိုသွားတယ်။ ဒါပေမဲ့ ဒီထဲမှာရောက်သွားတဲ့ ဒီနှစ်နှစ်ကနေ ပြီးသွားလို့ရှိရင် ကျွန်တော်တို့ အရင်လိုနေဖြစ်မှာတော့ မဟုတ်တော့ဘူးပေါ့ဗျာ။ ဒီထဲက အတိုင်းပဲ မနက်ဆိုရင်လဲ ကိုယ့်ဘာသာကိုယ် ထစရာရှိတာထမယ်၊ လုပ်စရာရှိတာလေးတွေလုပ်မယ်၊ အရာရာအားလုံး စနစ်တကျနဲ့ ကိုယ့်တာဝန်ယူမှု တာဝန်ခံမှုတွေနဲ့ အဲဒီလိုမျိုးသွားမယ်ပေါ့နော်။ ကျွန်တော်တို့ နိုင်ငံခြားသွားတာပဲဖြစ်ဖြစ်ပေါ့နော် ကိုယ့်ရပ်၊ ကိုယ့်ဒေသမှာပဲဖြစ်ဖြစ် အကုန်လုံးက လွတ်လွတ်လပ်လပ်နေနိုင်မယ်။ ပြီးတော့ နိုင်ငံအပေါ်မှာလဲ နှစ်နှစ်ဆိုတာ ပြီးသွားတာဖြစ်တဲ့အတွက် တာဝန်ကျေပွန်တယ်ပေါ့နော်။ အလုပ်အကိုင် အခွင့်အလမ်းတွေလဲ အများကြီး ရတယ်ပေါ့၊ ဘာမှမဖြစ်ပါဘူး အပြင်မှာတော့ ကျွန်တော်တို့လဲ ကြောက်တာပေါ့။ ဒါပေမဲ့ တကယ်တမ်းရောက်သွားတဲ့ အခါမျိုးကျတော့ ထင်သလောက်လဲ မဟုတ်ပါဘူး။ အကုန်လုံးကတော့ ခက်ခဲတာပေါ့။ ဒါပေမဲ့ ကိုယ်ကယောကျ်ားဆိုတော့ ဖြတ်ကျော်ရမှာပဲလေ”ဟု ပြောသည်။

(ဧဝ၁)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းဆောင်ရွက်



**မန္တလေး အောက်တိုဘာ ၁၂**

စိုက်ပျိုးရေး၊မွေးမြူရေးကို အခြေခံ၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းရာတွင် ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် မြင်းနားကျေးရွာအုပ်စုရှိ တောင်သူဦးဖိုးစိုက်ပျိုးထားသည့် မိုး၊ မိုးနှောင်းချည်မျှင် ရှည်ဝါပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်သို့ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားပြီး စံပြကွက်စိုက်ခင်းကို ကြည့်ရှုသည်။

ထို့နောက် ရွာတန်းသဲကျွန်းကျေးရွာအုပ်စုရှိ ဒေါ်နွယ်နီထွန်း၏ Red Glob(RG) စပျစ်သီးနှံစိုက်ခင်းသို့ လည်းကောင်း၊ ရွာတန်းသဲကျွန်းကျေးရွာ အုပ်စုရွာတန်းရှိ Sky Wine စပျစ်ဝိုင်ထုတ်လုပ်မှုလုပ်ငန်းသို့လည်းကောင်းကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ် ညောင်ရွှေကျေးရွာရှိ ဒေါက်တာမြတ်စံ၏ ဇီဝကမွေးမြူရေးခြံသို့ရောက်ရှိပြီး မွေးမြူရေးလုပ်ငန်းရှင်က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေး၍ မွေးမြူရေးခြံအတွင်း မွေးမြူထားရှိမှုနှင့် ပြည်တွင်းမှ ထွက်ရှိသည့်ကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာ စပ်ထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရွှေပန်းတိုင်ကျေးရွာအုပ်စုရှိ မွေးမြူရေးဇုန်လျာထားနေရာကိုလည်းကောင်း၊ မိတ္ထီလာမြို့နယ်ရှိ ရပ်ကွက်များသို့သောက်သုံးရေများဖြန့်ဝေပေးနေသည့်မြို့မရပ်ကွက်ရှိ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးရေသန့်စက်ရုံအမှတ်(၁)နှင့် ပေါက်ချောင်းရပ်ကွက်ရှိ ရေစုကန်နှင့် ရေသန့်စက်ရုံအမှတ်(၂) သို့လည်းကောင်း၊ သဲကုန်းကျေးရွာရှိ ဦးအောင်သူ၏ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်ကုန်ထုတ်လုပ်နေမှုလုပ်ငန်းသို့လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာ- တောင်ကြီးလမ်း ညောင်ကိုင်းကျေးရွာအုပ်စုရှိ ညောင်ကိုင်းဘုန်းကြီးကျောင်းရှိ ဓမ္မာရုံတွင် နေကြာသီးနှံပန်းတိုင်ရရှိရေး နည်းပညာဆွေးနွေးပွဲသို့ရောက်ရှိပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နေကြာသီးနှံပန်းတိုင်အထွက်နှုန်းပြည့်မီရေးအလေးထားကာ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းပြောကြားပြီး တောင်သူများမှ တင်ပြချက်များ၊ ဌာနဆိုင်ရာများမှ ရှင်းလင်းတင်ပြချက်များနှင့် ဝန်ကြီးများ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စိုက်ပျိုးဧက ၅၀ အတွက် တောင်သူများထံ ရေဆင်း(၁)နှင့် ဆင်းရွှေကြာ(၂) နေကြာသီးနှံမျိုးစေ့များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၂**

သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များမျိုးချစ်စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် နေပြည်တော်သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်း (ရွာသစ်ကလေး)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မင်္ဂလာဒီပနှင့် အခြေခံပညာအလယ်တန်းကျောင်း (ပုဇွန်ဆိပ်)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင်ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေခဲ့ကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းခင်းကျင်းပြသထားသည့်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်းယခုကဲ့သို့ကြားသိရပါသည်-

"ဒီနေ့မှာဆိုလို့ရှိရင် ကျွန်မတို့ကျောင်းကနေပြီးတော့ အလယ်တန်းကလေးနဲ့ အထက်တန်းကလေးများ လာရောက်လေ့လာလိုက်တဲ့အခါမှာ အကျိုးကျေးဇူးများ တော်တော်ရတာကိုတွေ့ရှိရပါတယ်ရှင်။ ကျွန်မတို့ တချို့သင်ခန်းစာတွေဆိုလို့ရှိရင် ကျောင်းသင်ခန်းစာထဲမှာ စာသားအနေနဲ့ပဲ ကျွန်မတို့မြင်တွေ့ခဲ့ရတာပေါ့နော်။ ဥပမာ စစ်အင်္ဂါခင်းတာတွေ၊ နောက်



ပြီး စစ်ချီ၊ စစ်တပ်၊ စစ်ထိုး၊ စစ်ခံစတဲ့ အခြေခံစစ်ပညာတွေကို ကျွန်မတို့က ကျောင်းမှာ သင်ကြားပြသဖို့ဆိုတာမဖြစ်နိုင်ဘူး။ ဒါကြောင့်မို့လို့ ကလေးတွေကို ကျွန်မတို့ဒီမှာဆိုလို့ရှိရင် ပုံစံငယ်တွေနဲ့ တကွ သင်ပြနိုင်တယ်၊ ဒါအရမ်းကို အကျိုးကျေးဇူးရှိပါတယ်ရှင်။ပြီးတော့ ကျောင်းသား၊ ကျောင်းသူတွေ အနေနဲ့ဆိုတော့လဲ တပ်မတော်ရဲ့အခန်းကဏ္ဍတွေ၊လုပ်ဆောင်ချက်တွေဆိုတာ အလှမ်းဝေးတယ်ပေါ့ရှင်။ အဲဒါကလေးတွေအနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို ရောက်တဲ့အခါမှာ သူတို့အရမ်းပျော်နေတာကိုတွေ့ရပါတယ်။ လေယာဉ်ပျံတွေ၊ တင့်ကားတွေ၊ တပ်မတော်ရဲ့ စစ်ရေယာဉ်တွေကို ထိတွေ့ကိုင်တွယ်ပြီး အသုံးပြုရတဲ့အခါမှာတက်ရောက်ပြီး လေ့လာခွင့်ရတဲ့အတွက် ပျော်နေကြတာကို တွေ့ရှိရတယ်။ ကျွန်မတို့ ဆရာ၊ ဆရာမများအနေနဲ့ ကလေးတွေပျော်ရင်တော့ ကျွန်မတို့လဲ အင်မတန်ပျော်ရွှင်မိပါတယ်။ အခုလိုလာရောက်လေ့လာနိုင်အောင် စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိသူများအားလုံးကိုလဲ ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်ရှင်"ဟု ပြောသည်။

"အခုလိုမျိုး လာရောက်လေ့လာရတဲ့အခါမှာဗဟုသုတတွေ အများကြီးစုံလင်ပြီးတော့ တပ်မတော်ရဲ့ ကြည်း၊ ရေ၊ လေ သုံးခုရဲ့အဓိပ္ပာယ်တွေကိုလဲ ဒီကတာဝန်ရှိ



လူကြီးမင်းများက ပြည့်ပြည့်စုံစုံရှင်းပြခဲ့တယ်။ အဲဒီအတွက်ကြောင့် ကျွန်မတို့ ယခင်ကမသိခဲ့တဲ့ ကြည်း၊ ရေ၊ လေ တပ်မတော်ရဲ့ လက်နက်ကိရိယာတွေ၊ စစ်သင်္ဘောတွေ၊ စစ်လေယာဉ်တွေရဲ့ အကြောင်းကို ပြည့်ပြည့်စုံစုံ ကျွန်မတို့ သိခဲ့ရပါတယ်ရှင်။ အခုလိုမျိုးတာဝန်ရှိလူကြီးမင်းတွေ စီစဉ်ပေးတဲ့အတွက်စာထဲမှာ ကြားသိနေရတဲ့အရာတွေကို လက်တွေ့အပြင်မှာတွေ့ရတယ်။ အဲတော့ အရမ်းကို ဗဟုသုတရပြီး အရမ်းကိုလဲစိတ်ဝင်စားဖွယ်ကောင်းတယ်။ အခုလိုမျိုး ပို့ဆောင်ပေးတဲ့ နိုင်ငံတော်က လူကြီးမင်းတွေနဲ့ တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ပါတယ်ရှင်"ဟု ပြောသည်။

(၅၀၁)

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမနှစ်ဝက် စာမေးပွဲများ စတင်ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁၂**

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ဒီပလိုမာ(ဗုဒ္ဓဓမ္မ)တန်းမှ ဒုတိယနှစ် ဝိဇ္ဇာတန်းအထိ ပထမနှစ်ဝက်စာမေးပွဲများကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ စာသင်ဆောင်များ၌ စတင်ကျင်းပသည်။

အဆိုပါစာမေးပွဲများသို့ ပြည်တွင်း၊ ပြည်ပမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၂၁၆ ပါး/ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြပြီး စာမေးပွဲများကို အောက်တိုဘာ ၁၂ ရက်မှ ၂၂ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

စာမေးပွဲများ ကျင်းပနေမှုကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ ဒုတိယပါမောက္ခချုပ် (သင်ကြား)ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တနေ့ာဓိဉာဏအမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများ ကြွရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဖက်ပင်အိုင်စာသင်တိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌ သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီးဘဝနတ်ထံ ပျံလွန်တော်မူ



**နေပြည်တော် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဧ/မြောက်ရပ်ကွက် ဖက်ပင်အိုင်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တဝါသေဋ္ဌ သက်တော် ၈၉ နှစ်၊ သိက္ခာတော် ၆၉ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက် (၁၂-၁၀-၂၀၂၆) တနင်္ဂနွေ နေ့ နံနက် ၀၂ နာရီ ၂၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ကျောက်မျက်အတွဲ ၇၀ ရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲ ၁၆၀ ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက စစ်ဆေးကာ ကျောက်မျက်အတွဲ ၇၀ ရောင်းချခဲ့ရကြောင်း ကြေညာပေးသည်။

ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ ကျောက်ခင်းကွင်းနေရာအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုနှင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများ တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုများ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။



ပြပွဲဆဋ္ဌမနေ့တွင် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများအနက် အတွဲအမှတ် (၁)မှ (၅၅၀)ထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ရာ အဆိုပါကျောက်စိမ်းအတွဲများအတွက် ရောင်းချရသည့်အတွဲများကို အောက်တိုဘာ ၁၃ ရက်တွင် ကြေညာပေးသွားမည်ဖြစ်သည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲ ၃၀၇၃ တွဲကို ကျောက်ရည်ကျောက်သွေး ကောင်းမွန်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်မှု စသည့်အခြေအနေများအရ အုပ်စု(အေ၊ ဘီ)နှင့် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်အတွက် အုပ်စု(စီ)ဟူ၍ အုပ်စုသုံးစု ခွဲခြားထားခြင်းဖြစ်ပြီး အုပ်စု(အေ)နှင့် (ဘီ)ကျောက်စိမ်း အတွဲ ၁၆၀၅ တွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်ထိလည်းကောင်း၊ အုပ်စု(စီ) ကျောက်စိမ်းအတွဲ ၁၄၆၈ တွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်ထိလည်းကောင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုး ဖြစ်ထွန်းစေရန်နှင့် ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့အောင် စနစ်တကျစီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၆ ခုနှစ် ၆၁ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၇ ရက်ထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၇၉ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် ၇၉ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်ထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ် ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့်သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၄၂၂၂၂၄၈၄၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၃၀၆၇၁၆၈ တို့သို့ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီး ကိုးပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ စာထောက်စာမဆရာတော်အပါး ၁၇၀၊ အာဂုံပြန်စာရင်းသွင်းသံဃာ ၂၈၆ ပါး၊ သဘောရေးဖြေစာရင်းသွင်းသံဃာ ၂၆၇ ပါး စုစုပေါင်း ၇၄၂ ပါးတို့ ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၁၂-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၅,၈၀၉,၂၈၆.၄၈ | ၅,၁၈၈,၀၀၀.၀၀ | ၂၃,၄၇၈,၁၁၂.၆၆ | - |








၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**❖ အားကစားပြိုင်ပွဲများမှ**

ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းခန်းမ(၂)၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ အသင်းလိုက် ခတပြိုင်ပွဲ ဗိုလ်လုပွဲ၊ လူသစ်တန်း အနုတ် ၆၇ ကီလိုအောက် ကုမိတ့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အကြီးတန်း အနုတ် ၆၀ ကီလိုအောက် ကုမိတ့်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ကီလိုတန်းအလိုက် လူသစ်တန်း၊ အကြီးတန်း ခတပြိုင်ပွဲများနှင့် ကုမိတ့်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အကောင်းဆုံးကစားသမားဆုရရှိသူများနှင့် လူသစ်တန်းပြိုင်ပွဲတွင် ရွှေ သုံးခု၊ ကြေး တစ်ခုဖြင့် လူသစ်တန်းဒိုင်းရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အကြီးတန်းပြိုင်ပွဲတွင် ရွှေ လေးခု၊ကြေး နှစ်ခုဖြင့် အကြီးတန်းဒိုင်းရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် ဒိုင်းဆုများကို ချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆုကို ရွှေ ခုနစ်ခု၊ ကြေး သုံးခု ရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်(၆) အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲတွင် လေးပေါက်တန်းပြိုင်ပွဲ၊အခြေခံအထိ ခြောက်ချက်ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)၌ အဆင့်အလိုက် ဘင်တန်ဝိတ်တန်း၊လိုင်ဝိတ်တန်း၊ မစ်ဒယ်ဝိတ်တန်းဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား၊အမျိုးသမီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း ၃၃ ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) မြန်မာ့သိုင်းပြိုင်ပွဲကိုဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက်(က)တန်း၊ အမျိုးသား ဗန်တိုအတိုက်(ခ)တန်းဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသားပန်ကြပ်ဆီလပ်အတိုက် (ခ)တန်း ဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ပန်ကြပ်ဆီလပ်အတိုက်ဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက် အတိုက်(က)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက်အတိုက် (ခ)တန်း ဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက်အတိုက်(က)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက်အတိုက် (ခ)တန်း ဗိုလ်လုပွဲစဉ်များ၊ခွဲမှုုဆရာအဆင့် လုံ့ရှည်ပညာစဉ်စွမ်းရည်ပြပြိုင်ပွဲနှင့် တပ်မတော်လက်ရေးစွမ်းရည်ပြ ပြိုင်ပွဲများကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊အရာရှိ၊စစ်သည်၊မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ရန်ကုန်မြို့တော်အတွင်း လမ်းဖြတ်ကူးရာတွင် သတ်မှတ်နေရာမှ ဖြတ်သန်းခြင်းမပြုပါက ထိရောက်စွာ အရေးယူမည်



ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းအသုံးပြုသူပြည်သူများအနေဖြင့် လမ်းဖြတ်ကူးရာတွင် သတ်မှတ်ထားသည့်နေရာမှ ဖြတ်သန်းခြင်းမပြုပါက အောက်တိုဘာ ၁၂ ရက်မှ စတင်၍ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ သိရသည်။

စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လမ်းဖြတ်ကူးရန် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ခုံးကျော်တံတား၊ လူကူးမျဉ်းကျားနှင့် ခွင့်ပြုထားသောနေရာများမှ လမ်းဖြတ်ကူးရမည်ဖြစ်ပြီး စည်းကမ်းလိုက်နာမှုမရှိပါက ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၉၆ အရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည်။

“လမ်းဖြတ်ကူးသူတွေ အနေနဲ့ သတ်မှတ်ထားတဲ့ လူကူးမျဉ်းကျား၊ ခုံးကျော်တံတား၊ မြေအောက်လမ်းကနေ ဖြတ်သန်းဖို့ ပညာပေးကာလအဖြစ် ဆောင်ရွက်ခဲ့ပြီးပါပြီ။ ဒီနေ့ကစပြီး အရေးယူမှု စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အသက်အန္တရာယ်ကို ကာကွယ်ပေးလိုတဲ့အတွက် အခုလို ဆောင်ရွက်တာဖြစ်ပါတယ်”ဟု ကျောက်တံတားမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမိုးဝင်းက ပြောသည်။

သက်ဆိုင်ရာမြို့နယ်အလိုက် ယာဉ်ထိန်းတပ်ဖွဲ့များက ပြည်သူများ လူကူးမျဉ်းကျားနှင့် ခုံးကျော်တံတားကို စနစ်တကျ ဖြတ်သန်းသွားလာအသုံးပြုကြရန် အသိပညာပေးကာလသတ်မှတ်ပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ဆူးလေခုံးကျော်တံတား၊ ပန်းဆိုးတန်းခုံးကျော်တံတား၊ ဗိုလ်တထောင်ဘုရား ခုံးကျော်တံတား၊ စမ်းချောင်းမဟာမြိုင် ခုံးကျော်တံတား၊ လှည်းတန်းခုံးကျော်တံတား၊ ဗိုလ်ချုပ်ဈေး ခုံးကျော်တံတားနှင့် ကမ္ဘာအေးဘုရား ခုံးကျော်တံတားတို့တွင် နေ့စဉ် ပြည်သူအများအပြားသွားလာလျက်ရှိပြီး ခုံးကျော်တံတားကို အသုံးမပြုဘဲ တံတားအောက်မှ စည်းကမ်းမဲ့စွာ ဖြတ်သန်းသွားလာမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ၊ လူနှင့်ယာဉ်ထိခိုက်မှုများ ဖြစ်ပွားလေ့ရှိသည့်အတွက် အောက်တိုဘာ ၁၂ ရက်မှစတင်ကာ သတ်မှတ်စည်းကမ်းများကို လိုက်နာမှုမရှိသူများကို ဒဏ်ငွေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သစ္စာ(MNA)**

---

**○ တမံပေါင်လျှော့ကျမှု**

ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

အဆိုပါ မမြရေလှောင်တမံသည် အောက်တိုဘာ ၇ ရက်မှ စတင်၍ အလျား ပေ ၅၀ ခန့်၊ အနံ လေးပေခွဲခန့်၊ မြေသားရှစ်လက်မခန့် နိမ့်ကျခဲ့သည့်အတွက် အဆိုပါနေရာကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် အောက်တိုဘာ ၉ ရက် ည ၉ နာရီခွဲခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ ကြား ဆည်ပေါင်ကားလမ်း၏ အလျား ပေ ၂၀၀ ခန့်၊ အကျယ် ၂၄ ပေခန့်မှ ရေလှောင်ကန်ဘက်ခြမ်း ခြောက်ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် သုံးပေခွဲခန့် ထပ်မံနိမ့်ကျခဲ့ကြောင်း၊ အောက်တိုဘာ ၁၀ ရက် နံနက် ၆ နာရီခွဲခန့်တွင် ၎င်းနေရာမှပင် အလျား ပေ ၂၅၀၊ အနံ ၁၀ ပေခန့်မှထပ်မံ၍ ယခင်နိမ့်ကျခဲ့သည့် ပမာဏအပါအဝင် ၂၇ ပေခန့် ထပ်မံနိမ့်ကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေကို နိမ့်မြင့်အမှတ် ၃၀၅ ပေသို့ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၁၂ ရက် ညနေပိုင်းတွင် တမံရှိရေ ၃၁၁ ဒသမ ၄၀ ပေသာ ကျန်ရှိတော့သဖြင့် ၃ ပေ ၈ လက်မခန့် လျှော့နည်းသွားကြောင်း သိရသည်။

ထို့ပြင် တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၎င်းအပြင် ရေလှောင်တမံဆင်ခြေလျှော နိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးနှင့် ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်စု၊ ကျေးရွာ ၃၀၊ အင်္ဂပူမြို့နယ်အတွင်းရှိကျေးရွာအုပ်စု ခြောက်စု၊ ကျေးရွာ ရွာ ၂၀ စုစုပေါင်း ကျေးရွာအုပ်စု ၁၂ စုရှိ ကျေးရွာ ၅၀ မှ ဒေသခံပြည်သူများကို ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများ၊ ကုန်းမြင့်နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

---

**● မလေးရှားနိုင်ငံသို့စေလွှတ်မှု**

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ စာရင်းပြုစုခြင်း၊ အရည်အချင်းစိစစ်ခြင်း၊ ကျွမ်းကျင်မှုသင်တန်းပို့ချခြင်းနှင့် စေလွှတ်ရေးလုပ်ငန်းစဉ်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုကြောင်း ဆန္ဒပြုခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနက် ပြည်သူ့စစ်မှုထမ်း တစ်ဦးကို အောက်တိုဘာ ၇ ရက်တွင် Golden Plant Services Co., Ltd အစီအစဉ်ဖြင့် မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်နိုင်ရေး စတင်စေလွှတ်ပေးနိုင်ခဲ့ပြီး မလေးရှားနိုင်ငံ၌ လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်သည်။



ဆက်လက်၍ ထိုင်းနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦးနှင့် မလေးရှားနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦးတို့ကို အမြန်စေလွှတ်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ပြီးစီးခဲ့သူများနှင့် ၎င်းတို့၏ မိသားစုဝင်များ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန် တိုးတက်လာရုံမျှမက အနာဂတ်အတွက် ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**■ တင်းနစ်ပြိုင်ပွဲမှ**

တရုတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲသည် WTA 1000 အဆင့်ရှိ ထိပ်တန်းပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် အောက်တိုဘာ ၁၁ ရက်က ကျန်ကွင်းဝမ်နှင့် အန်ဒရီဗာတို့ ကစားခဲ့ရာ ပထမပွဲငယ်တွင် (၇-၅)ရလဒ်၊ ဒုတိယပွဲငယ်တွင် (၆-၄)ရလဒ်ဖြင့် ကျန်ကွင်းဝမ်က နှစ်ပွဲပြတ် အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အန်ဒရီဗာသည် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့်(၄) သတ်မှတ်ခံထားရသူဖြစ်ပြီး ကျန်ကွင်းဝမ်က အဆင့်သတ်မှတ်ခံထားရခြင်း မရှိခဲ့သော်လည်း ပြိုင်ပွဲတွင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ခဲ့ပြီးနောက် WTA 1000 အဆင့်ပြိုင်ပွဲတွင် ပထမဆုံးဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကျန်ကွင်းဝမ်က “အိမ်ရှင်ပရိသတ်တွေရှေ့မှာ အခုလို အဓိကဆုဖလားကို ဆွတ်ခူးနိုင်ခဲ့တာ မယုံနိုင်လောက်အောင် ပျော်စရာကောင်းပါတယ်။ ပရိသတ်တွေရဲ့အားပေးမှုက ဖလားဆွတ်ခူးနိုင်ဖို့ တွန်းအားတစ်ရပ်ပါ။ အန်ဒရီဗာလို ထိပ်တန်းကစားသမားတစ်ဦးကို အနိုင်ရရှိခဲ့ပြီး အခုလို အဓိကဆုဖလားဆွတ်ခူးနိုင်ခဲ့တဲ့အတွက်လဲ ဂုဏ်ယူပါတယ်။ ကျွန်မအတွက် ဒီနှစ်က အရမ်းခက်ခဲခဲ့တဲ့ နှစ်တစ်နှစ်ကို ကျော်ဖြတ်ခဲ့ရတာပါ။ ဒါပေမဲ့ ကျွန်မအသင်းဖော်တွေ အားပေးမှု၊ ပရိသတ်တွေရဲ့ အားပေးမှုတွေကြောင့် အခုလို အောင်မြင်မှုရရှိခဲ့တာပါ”ဟု ပြောကြားခဲ့သည်။

ကျန်ကွင်းဝမ်သည် တရုတ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သောကြောင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်(၂၃)နေရာသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

STA

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၃ ထပ် အဆောက်အအုံ တစ်လုံး ထပ်မံဖြိုချဖျက်ဆီး၊ ကျန်အဆောက်အအုံများကို ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (Online Scam)များ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ တရားမဝင်အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ၁၃ ထပ် အဆောက်အအုံ တစ်လုံးကို ယမ်းဖြင့် ထပ်မံဖောက်ခွဲ ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် ငါးထပ်အဆောက်အအုံ နှစ်လုံးကို ယာဉ်ယန္တရားများဖြင့် စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ငါးထပ် အဆောက်အအုံ တစ်လုံးမှာ ဖြိုချဖျက်ဆီးမှု ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ထပ်မံ၍ ငါးထပ် အဆောက်အအုံ တစ်လုံးမှာ ၂၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် ၁၃ ထပ် အဆောက်အအုံ တစ်လုံးကို ယမ်းဖြင့် ထပ်မံဖောက်ခွဲ၍ အလုံးစုံဖြိုချဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ဖျက်ဆီးရန်ကျန် အဆောက်အအုံများကို စနစ်တကျ ဆက်လက်၍ဖြိုချဖျက်ဆီးသွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်းလုံးဝ အခြေမချနိုင်သည်ထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေး နှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ၁၃ ထပ်အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ၁၃ ထပ် အဆောက်အအုံကို စနစ်တကျဖောက်ခွဲ၍ဖြိုချဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။

# ပျော်ဘွယ်မြို့နယ်တွင် ငွေကျပ် ၃၇၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဆီခဲများ၊ ကြည့်မြင်တိုင်မြို့နယ်နှင့် လှိုင်မြို့နယ်တို့တွင် ငွေကျပ် သိန်း ၆၄၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ


စိုးမင်း၊ စိုင်းလုံဝမ်း၊ လင်းထက်အောင်၊ ရှမ်းကြီး ခေါ် ဘမော်၊ ဇင်မင်းထွေးတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

ပျော်ဘွယ်မြို့နယ်တွင် ငွေကျပ် ၃၇၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဆီခဲများ၊ ကြည့်မြင်တိုင်မြို့နယ်နှင့် လှိုင်မြို့နယ်တို့တွင် ငွေကျပ် သိန်း ၆၄၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် သတင်းအရ ပျော်ဘွယ်မြို့နယ် တောင်ဂွရွာအနီးတွင် သာစည်မြို့နယ် ပြည်ညောင်ရွာနေ စိုးမင်း ၄၈ နှစ် မောင်းနှင်လာသော CZI 125 အမျိုးအစား ဆိုင်ကယ်နှင့် ညောင်ရွှေမြို့နယ် လုံကန်ရွာနေသူများဖြစ်သည့် စိုင်းလုံဝမ်း ၂၂ နှစ်မောင်းနှင်ပြီး လင်းထက်အောင် ၂၂ နှစ် လိုက်ပါလာသော HONDA 100 အမျိုးအစား ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ် နှစ်စီးပေါ်မှ ၎င်းတို့သယ်ဆောင်လာသည့် ဘိန်းစိမ်း ၂၂ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၃၇ ဒသမ ၅ သိန်း)နှင့် ဘိန်းဆီခဲ ၁ ဒသမ ၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၇ ဒသမ ၅ သိန်း)တို့ကို ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ညောင်ရွှေမြို့နယ် ကုလားကုန်းရွာနေ ရှမ်းကြီး ခေါ် ဘမော် ၄၂ နှစ်ကို သာစည်မြို့နယ် ချောက်ခွဲကျေးရွာအနီးတွင် TOYOMAX ဆိုင်ကယ် တစ်စီးနှင့်လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက် နံနက် ၁၁ နာရီတွင် ကောလင်းမြို့နယ် ချဉ်ပြစ်ခုံရွာနေ ဇင်မင်းထွေး ၃၄ နှစ်ကို အမရပူရမြို့နယ် မြစ်ငယ်-မန္တလေး- စစ်ကိုင်းသွား လမ်းဆုံတွင် လည်းကောင်း ဖမ်းဆီးရမိသဖြင့် စိုးမင်း၊ စိုင်းလုံဝမ်း၊ လင်းထက်အောင်၊ ရှမ်းကြီး ခေါ် ဘမော်နှင့် ဇင်မင်းထွေးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် သတင်းအရ ကြည့်မြင်တိုင်မြို့နယ် ဆေးငြိမ်းရပ်ကွက် ကမ်းနားလမ်းတွင် တွေ့ရှိသူ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အပြင်ပဒံရွာနေ အောင်မျိုးဦး ၂၇ နှစ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၈၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆ သိန်း)ကို ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့ညနေ ၄ နာရီခွဲတွင် လှိုင်မြို့နယ် (၃) ရပ်ကွက် ၁၁ လမ်းတွင် ထန်းတပင်မြို့နယ် သရက်ခြံရွာနေ ထွန်းထွန်းလင်း ခေါ် ကောက်ကွေး ၄၈ နှစ်ထံမှ စိတ်ကြွဆေးပြား ၁၂၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၄ သိန်း)ကိုလည်းကောင်း၊ ည ၆ နာရီတွင် သန်လျင်မြို့နယ် ကညင်ပင်ရွာနေ ရဲဝင့်အောင် ခေါ် ကိုရဲ ၃၅ နှစ်ကို အဆိုပါနေရာ၌ စိတ်ကြွဆေးပြား ၃၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၆၀၀)ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိသဖြင့် အောင်မျိုးဦး၊ ထွန်းထွန်းလင်း ခေါ် ကောက်ကွေးနှင့် ရဲဝင့်အောင် ခေါ် ကိုရဲတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(သတင်းစဉ်)

# ခေါင်းဆောင်များသို့ စကားလက်ဆောင်

ဗညားကျန်းထော

စာပေဖန်တီးမှုဆိုရာမှာ နည်းနာပုံစံအားဖြင့် အမျိုးမျိုးအစားစားရှိကြပါတယ်။ ကဗျာလင်္ကာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ ဇာတ်ညွှန်း၊ စာညွှန့်၊ ဆောင်းပါး စသဖြင့်ကွဲပြားကြပါတယ်။ သတင်းစာတွေမှာတော့ သတင်း၊ သတင်းသုံးသပ်ချက်နဲ့ သတင်းဆောင်းပါးတွေ ပါလေ့ရှိတယ်။ ဂျာနယ်မှာဆိုရင် သတင်းနဲ့ဆောင်းပါးတွေ များတာပေ့ါ။ သူ့ရဲ့ ပရိသတ်နယ်ပယ်အလိုက် အားကစား၊ အနုပညာ၊ ကျန်းမာရေး စသဖြင့်ပေ့ါ။ မဂ္ဂဇင်းမှာတော့ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး စသဖြင့် မဂ္ဂဇင်းတိုက်ရဲ့ဟန်ပန်အနေအထားအရ ထည့်သွင်းဖော်ပြကြတာပေ့ါ။

ယနေ့ကာလမှာတော့ မဂ္ဂဇင်းခေတ်ဟာ တော်တော်တိမ်ကောသလောက်ဖြစ်သွားခဲ့တယ်။ လွန်ခဲ့တဲ့ အနှစ် ၇၀၊ ၈၀ ကာလအတွင်း လစဉ်မဂ္ဂဇင်း အမျိုးမျိုး ၂၀၊ ၃၀ ကျော် အပြိုင်အဆိုင် မြိုင်မြိုင်ဆိုင်ဆိုင်ထုတ်ဝေခဲ့ရတဲ့ကာလမျိုးလည်း ရှိခဲ့ကြဖူးတယ်။ ပြည်တွင်းပြည်ပသတင်းတွေကို လူကအာရုံစိုက်တာများလာတဲ့အခါ ဂျာနယ်တွေရာချီပြီး ထုတ်ဝေရတဲ့ ကာလမျိုးလည်း ရှိခဲ့ပြန်တယ်။

ဖုန်းပေါ်မှာ ထိတွေ့ကြည့်ရှုခံစားလို့ရလာတဲ့ခေတ်ကိုရောက်လာတော့ ပုံနှိပ်မီဒီယာတွေဟာ ယခင်ကလို များများမထုတ်ဝေကြရတော့ဘူး။ မဂ္ဂဇင်း၊ ဂျာနယ်တွေ နည်းပါးသွားခဲ့ကြပြီ။ မဂ္ဂဇင်းတွေ စာရေးဆရာများအတွက် ရသစာပေဝတ္ထုတို၊ ဝတ္ထုရှည်များဖော်ပြရန် စင်မြင့်မရှိကြတော့ လုံးချင်းစာအုပ်ထုတ်ဝေနိုင်မှသာ စာအုပ်ဆိုင်ပေါ် ရောက်လာနိုင်တော့တယ်။ စာအုပ်စာပေခေတ်တိမ်ကောသလောက်ဖြစ်နေပြီလို့ ထင်ရပေမယ့် စာအုပ်ဆိုင်တွေမှာတော့ ကလောင်အသစ်တွေ၊ စာအုပ်အသစ်တွေ တော်တော်များများထွက်နေကြဆဲတွေ့ရတယ်။

လူကြိုက်များခဲ့တဲ့စာအုပ်ကောင်းတွေကို ပြန်လည်ပုံနှိပ်ထုတ်ဝေတာလည်းရှိ၊ အသစ်ရေးကြတာလည်းရှိရဲ့။ ယေဘုယျပြောရရင် ကဗျာ၊ ဝတ္ထုတိုနဲ့ ဝတ္ထုရှည်အမျိုးအစား ရသစာပေစာအုပ်များက သုတစာပေစာအုပ်များထက် အရေအတွက်နည်းပုံတော့ရတယ်ထင်တာပဲ။

တကယ်တော့လည်း ကဗျာ၊ ဝတ္ထု၊ ပြဇာတ်ဆိုတဲ့ အသစ်ဖန်တီးထုတ်လုပ်အောင်မြင်ဖို့ဆိုတာ ရှေးကာလကလည်း မလွယ်ခဲ့ပါဘူး။ နောင်အခါမှာလည်း မလွယ်ပါဘူး။

စာရေးသူဟာ စာရေးသူဖြစ်ရမယ်ဆိုတဲ့ ဘဝရည်မှန်းချက်ကို အသက် ၁၄ နှစ်လောက်မှာ တိတိကျကျချမှတ်ပြီး ကိုယ်ဖတ်တဲ့ မဂ္ဂဇင်း၊ လုံးချင်း၊ စာအုပ်အမျိုးမျိုးထဲက ကောင်းနိုးရာရာတွေကို ကူးယူစုဆောင်းခဲ့တယ်။ ဝတ္ထုတို၊ ဝတ္ထုရှည်တွေထဲက ကိုယ်ကြိုက်တဲ့စာကြောင်းတွေ၊ ကဗျာတွေထဲက ကိုယ်အနှစ်သက်ဆုံးအပိုဒ်လေးတွေ၊ ကူး၊ ရေး၊ မှတ်၊ သတိရတိုင်း ပြန်ပြန်ဖတ်။ အရသာခံစား။ မှတ်မှတ်ရရကတော့ ပီမိုးနင်း၊ ဦးပုဂ္ဂိုလ်၊ ရွှေဥဒေါင်း၊ တက္ကသိုလ် ဘုန်းနိုင်၊ တင်မိုး၊ ပျဉ်းမနားမောင်နီသင်း စသဖြင့်ပေ့ါ။

ရေးမှတ်ခဲ့တဲ့အကျင့်ဟာ ဗလာစာအုပ်တွေ မနည်းပါဘူး။ ကုန်သွယ်ရေး(၉)က ထုတ်ဝေတဲ့ ဒိုင်ယာရီနေ့စဉ်မှတ်တမ်းလည်း နှစ်စဉ်ဝယ်တယ်။ အဲဒီတုန်းက တစ်အုပ်မှတစ်ကျပ်ခွဲ၊ နှစ်ကျပ်ပဲ။ နေ့စဉ်လိုလိုကျောင်းစာမဟုတ်ဘဲ မဂ္ဂဇင်းထဲက ကဗျာနဲ့ ကောက်နုတ်ချက်စာသားလေးများကပင် မှန်မှန်ရေးလာတဲ့အခါ တစ်နှစ်ဆို တော်တော်စုမိပါရဲ့။

ဒီလိုနဲ့ အထက်တန်းကျောင်းသား၊ တက္ကသိုလ်ကျောင်းသား၊ စစ်သား၊ ဖြတ်သန်းခဲ့တာ အနှစ် ၂၀ ကြာတော့ မဂ္ဂဇင်းအချို့မှာ ပင်တိုင်ဆောင်းပါးရှင်ဖြစ်လာတော့တာပဲ။ အခုဆို လစဉ်မပြတ်ပင်တိုင်ဆောင်းပါးရှင်အနေနဲ့ ရေးခဲ့တဲ့ မဂ္ဂဇင်း၊ ဂျာနယ်များမရှိတော့ပေမယ့် အပတ်စဉ်ဖော်ပြပေးနေတဲ့ သတင်းစာ၊ စာစောင်၊ နှစ်လည်မဂ္ဂဇင်း စတာတွေမှာ အဆက်မပြတ်ရေးလာခဲ့တာ စာအုပ် ၁၃၀ ကျော်တော့ ထုတ်ဝေနိုင်ခဲ့ပြီ။ ဆောင်းပါးပေါင်းလည်း ၅၀၀၀ ကျော်ခဲ့ပြီပေ့ါ။ စာရေးသက် နှစ် ၄၀ ကျော်မှာ အရေအတွက်ကို မပြောလိုပေမယ့် ရေးသမျှစကားပြေဆောင်းပါးဟာ ဖတ်သူအတွက် အကျိုးရှိ၊ မရှိ၊ အကြောင်းအရာအချက်အလက်မှန်၊ မမှန်၊ အခြေအနေနဲ့ ညီ၊ မညီ၊ အချိန်အခါနဲ့ သင့်၊ မသင့်၊ ဖတ်သူကစိတ်ဝင်စားမှု ရှိ၊ မရှိ စသဖြင့် ကောင်းမှုကောင်းကျိုးဖြစ်၊ မဖြစ် မရေးမီကော၊ ရေးစဉ်အချိန်မှာကော သတိသမ္ပဇဉ်နဲ့ ရေးပါတယ်။

**❖ လူလူချင်းဘယ်လိုအရည်အချင်းရှိရင် လူတွေက သဘောကျနှစ်သက်ကြသလဲ။ စိတ်ရင်းစိတ်ထားကောင်းတဲ့သူ၊ စည်းကမ်းစနစ်ရှိသူ၊ ကျင့်ဝတ်ဥပဒေကို ရိုသေလေးစားတတ်သူ၊ ရဲရင့်သူ၊ သတ္တိရှိသူ၊ စွန့်စားဝံ့သူ၊ စွန့်လွှတ်ရဲတဲ့လူ၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာတရားရှိတဲ့လူ၊ ကူညီစောင့်ရှောက်တတ်တဲ့လူ၊ အများအကျိုးကိုဆောင်တတ်တဲ့သူ၊ ကိုယ်ကျင့်တရားဖြူစင်ဖြောင့်မတ်တဲ့လူ စသဖြင့်ပေ့ါ။ ဒါမျိုးတွေဆို လူတွေက ချစ်ခင်တယ်၊ ယုံကြည်လေးစားတယ်။ ❖**

ဒီဆောင်းပါးမှာတော့ စာဖတ်သူများအတွက် ခေါင်းဆောင်တာဝန်ယူလာကြရမယ့် လူငယ်လူရွယ်များအတွက် ထိရောက်တဲ့ကောင်းကျိုးတစ်စုံတစ်ရာရအောင် ရည်ရွယ်ပြင်ဆင်ပြီး ရေးပါတယ်။ အောက်ပါခေါင်းစဉ်ခုအကြောင်း–

၁။ ကိလေသာ

၂။ အကျင့်စရိုက်

၃။ ကိုယ်ကျင့်တရား

၄။ ကောင်းမှုနဲ့မကောင်းမှု

၅။ ဘုန်းကံ

၆။ တန်ခိုးသြဇာ

**၁။ ကိလေသာနည်းပါစေ**

ကိလေသာဆိုတာဘာလဲ။ ကိလေသာဆိုသည်မှာ စိတ်ကိုညစ်ညူးစေတတ်၊ ပူပန်စေတတ်တဲ့တရားကို ခေါ်ပါတယ်။ အမွေးမှာ မေတ္တာ။ အပူတွင် ကိလေသာလို့ ဆိုရိုးရှိတယ်။ မေတ္တာက စိတ်ကိုသင်းပျံ့မွှေးကြိုင်စေတယ်။ ကိလေသာကတော့ စိတ်ကို ညစ်နွမ်းစေတယ်။ ပူပန်စေတယ်။ ကိလေသာ ၁၀ ပါးရှိတယ်။

၁။ လောဘ–လိုချင်ခြင်း

၂။ ဒေါသ–အမျက်ထွက်ခြင်း

၃။ မောဟ–တွေဝေခြင်း

၄။ မာန–ထောင်လွှားခြင်း

၅။ ဒိဋ္ဌိ–အယူမှားခြင်း

၆။ ဝိစိကိစ္ဆာ–မဆုံးဖြတ်နိုင်ခြင်း

၇။ ထိန–ထိုင်းမှိုင်းခြင်း

၈။ ဥဒ္ဓစ္စ–ပျံ့လွင့်ခြင်း

၉။ အဟိရိက–အရှက်မရှိခြင်း

၁၀။ အနောတ္တပ္ပ–အကြောက်မရှိခြင်း

သရုပ်ခွဲရင်တော့ နာမ် ၅၃+နာမ် ၂၂ ပေါင်း ၇၅ ကိုတည်၊ အတွင်းအပြင် ၂ ပါးxကိလေသာ ၁၀ ပါးနဲ့x တော့ ၁၅၀၀ ကိလေသာရှိတယ်လို့ သိရမယ်။

ကိလေသာ ၁၀ ပါးလုံးကို ကိလေသာကာမလို့လည်း ခေါ်တယ်။ သဘောအဓိပ္ပာယ်က အာရုံကို နှစ်သက်သောတဏှာတဲ့။

ကိလေသာတပ်မက်မှု ၁၅၀၀ အနက် မိမိမှာ အရေအတွက်များများရှိလေလေ မွန်လေ၊ ပူလောင်လေ၊ တွေဝေလေ၊ မှားလေ၊ လွဲချော်လေ။ လူတစ်ယောက်ဟာ ကိလေသာ ပါးလေလေ အပူပင်နည်း၊ အသိအမြင်ကြည်လင်ပြီး ချမ်းသာအေးချမ်းလေလေ၊ ၁၅၀၀ ကိလေသာကို အသေးစိတ်မတွက်ချက် မခွဲခြားတတ်ချင်နေ၊ ကိလေသာ ၁၀ ပါးကိုတော့ သတိထားဖို့သိထားသင့်ပါတယ်။ ကိလေသာတရားများရင် မှားမယ်၊ ဆင်းရဲမယ်မို့ပဲ။

**၂။ အကျင့်စရိုက်**

အနောက်နိုင်ငံက အောင်မြင်ရေးနဲ့ ဘဝတက်လမ်းစာအုပ်များစွာကို ဝါသနာအလျောက် ရှာဖွေလေ့လာဖတ်ရှုခဲ့ပါတယ်။ ခုခေတ်မှာ AI က ဘာသာပြန်ပြီး၊ အနှစ်ချုပ်ပြီးစာအုပ်တွေ အွန်လိုင်းယူကျူကတင်ပေးနေလို့ အခမဲ့စာမြည်းအလွယ်တကူအများကြီးကြည့်နိုင်ကြပါတယ်။ ဒီတော့ ဒီအချက်ကို အကျယ်မပြောတော့ပါ။

နေ့စဉ်ပုံမှန်အဆက်မပြတ်မှန်မှန်လုပ်ဆောင်တဲ့ အပြုအမူဟာ နာရီကို သံပတ်ပေးနှိုးစက်နှိုးပေးစရာမလိုဘဲ အလေ့အကျင့်အရ ထပ်ကာထပ်ကာပြုနိုင်သွားပါတယ်။ အဲဒါဟာ ထပ်ကြိမ်ရဲ့အရှိန်ရခြင်းသဘောပါပဲ။ အာသန္နကံလို့လည်းခေါ်တယ်။ မသေခင် သေခါနီးမှာ ကောင်းမှုဆိုးမှုအာသန္နကံရဲ့ အစွမ်းသတ္တိက အကျိုးသက်ရောက်တတ်တယ်။ ကျေးဇူးပြုတတ်သောသဘောတရား၊ ပဋ္ဌာန်းပစ္စည်း ၂၄ ပါးမှာ အမှတ်စဉ်(၁၂) အာသေဝနပစ္စယောတဲ့။ **အဖန်တလဲလဲမှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား**တဲ့။ ကောင်းတဲ့အပြော၊ အပြု၊ အတွေးတစ်ခုခုကို အချိန်များစွာ၊ အကြိမ်များစွာ၊ နေ့စဉ်နေ့တိုင်းမပြတ်ဘဲ မှန်မှန်ပြုတဲ့ ကောင်းမှုကုသိုလ်ဟာ အဆပေါင်းများစွာကြီးမားတဲ့ အောင်မြင်မှု၊ ကောင်းကျိုးချမ်းသာကို ဖြစ်ပေါ်စေတယ်။ ဒီအရာကို ထိထိရောက်ရောက်ကျင့်သုံး၊ အသုံးချသင့်တယ်။

**၃။ ကိုယ်ကျင့်တရား**

လူတစ်ယောက်ရဲ့အနှစ်သာရတန်ဖိုးဆိုတာဟာ တကယ်တော့ ဆွေဂုဏ်မျိုးဂုဏ်လည်းမဟုတ်ပါ။ ရာထူးဂုဏ်၊ အာဏာဂုဏ်လည်းမမြဲပါ။ စည်းစိမ်ချမ်းသာ၊ လယ်ယာရွှေငွေပိုင်ဆိုင်ခြင်းလည်းမဟုတ်ပါ။ ရုပ်ရည်အဆင်းလှပခြင်းလည်း တန်ဖိုးအစစ်အမှန်မဟုတ်။ ဘယ်သူဘယ်ဝါဖြစ်ဖြစ် ကိုယ်ကျင့်တရားကောင်းမွန်တဲ့လူကသာ လေးစားခံရသူ၊ ယုံကြည်ထိုက်သူ၊ တန်ဖိုးရှိသူဖြစ်ပါတယ်။

ဓမ္မပဒ၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ပါရမီဆယ်ပါး စတဲ့ ဘာသာရေးကျမ်းစာ၊ ဇာတ်၊ နိပါတ်၊ ဝတ္ထုတွေကို လေ့လာကြည့်သင့်တယ်။ စာရိတ္တမဏ္ဍိုင်ခိုင်မာသူဟာ တန်ဖိုးအရှိဆုံးဆိုတာ သိရမယ်။

မာဂဓတိုင်း ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် ဗိမ္ဗိသာရမင်းလက်အောက်မှာ ဟိန္ဒူရှေးအယူရှိတဲ့ ဒေသတစ်ခုမှာ ခေါင်းဆောင်ပုဏ္ဏားကြီး မြို့စားအဖြစ်အုပ်ချုပ်တဲ့မြို့ကို ဘုရားရှင်ကြွချီလာခဲ့တယ်။ အဂ္ဂရာဆိုတဲ့မြို့လယ်က ရေအိုင်ကြီးအနီးမဏ္ဍပ်ကြီးမှာ ဘုရားရှင်နဲ့ မြို့စားပုဏ္ဏားကြီးနဲ့ စကားအမေးအဖြေတရားဆွေးနွေးကြတယ်။ တိုတိုပြောရရင် သူတို့ရဲ့ ဗြဟ္မဏဝါဒထဲမှာလည်းပါတဲ့ "လူရဲ့ကိုယ်ကျင့်တရား"ဟာ မရှိမဖြစ်အလိုအပ်ဆုံးပါပဲဆိုတာ လက်ခံယုံကြည်သွားပြီး ဘုရားရှင်ရဲ့အဆုံးအမကို နှစ်သက်လက်ခံသွားခဲ့ကြတယ်။

**၄။ ကောင်းမှုနဲ့မကောင်းမှု**

နတ်ပြည်ခြောက်ထပ်မှာ စံနေကြတဲ့ နတ်များဟာ နတ်သက်တမ်းအသီးသီး ပုံသေရှိကြသတဲ့။ နှစ်တစ်သောင်းတန်းရှိတဲ့ နတ်ဘုံ၊ အနှစ် တစ်သန်းရှိတဲ့ နတ်ဘုံ စသဖြင့်ပေ့ါ။ သူဟာ သက်တမ်းစေ့ရင် စုတေ(သေလွန်)တယ်။

လူ့ပြည်မှာတော့ အချို့က မွေးစ၊ ရက်သားမှာတင် သေတာလည်းရှိတယ်။ လူငယ်လူလတ်မှာသေကြ၊ အသက် ၄၀၊ ၅၀၊ ၆၀ စသဖြင့် အသက်အပိုင်းအခြားပုံမှန်မရှိဘဲ အကြောင်းအမျိုးမျိုးနဲ့ အရွယ်အမျိုးမျိုးမှာ လူတွေက သေနေကြပါကလား။ သေခြင်းတရားဟာ တံခါးကြိုပြီးမခေါက်ပါ။ တကယ်တော့ မနက်ဖြန်ဆိုတဲ့အချိန်ထက်ပင် သေခြင်းတရားက ပိုနီးနိုင်ပါတကား။ (နောက်နာရီပိုင်းမှာ တစ်ခုခုလဲကျသေဆုံးသွားနိုင်တာပဲလေ)

မသေခင်ကာလ လူ့ဘဝနေရသမျှ အချိန်တစ်ခဏမှာ ကုသိုလ်တရားကိုသာ အဖော်ပြုပါ။ လူတိုင်းဟာ သေမျိုးပါ။

လောဘနဲ့သေရင် ပြိတ္တာဘဝရောက်ရတတ်တယ်။ ဒေါသနဲ့သေရင် ငရဲဘဝရောက်ရတတ်တယ်။ မောဟနဲ့သေရင် တိရစ္ဆာန်ဘဝရောက်ရတတ်တယ်။ နေရသမျှကောင်းမှုအပြုအမူတွေဟာ စုဆောင်းပါ။

**၅။ ဘုန်းကံ**

ဘုန်းဆိုတာ ပါဠိဝေါဟာရမှ မြန်မာစကားအဖြစ် ဆင်းသက်ရွေ့လျောလာတာလို့ သိရတယ်။ ပါဠိဝေါဟာရမူရင်းက ပုညတဲ့။ ကောင်းမှုလို့အဓိပ္ပာယ်ရတယ်။ ကောင်းတဲ့စကားကိုပဲ ရွေးပြောသင့်တယ်။ ကောင်းတဲ့စာမျိုးသာ ရေးရမှာပဲ။ ကောင်းတဲ့အလုပ်အကိုင်နဲ့ ဝမ်းကျောင်းရမယ်။ ကောင်းမှုတွေတိုးပွားအောင် ဒါန၊ သီလ၊ ဘာဝနာတွေ ကြိုးစားလုပ်ရမယ်။ ကောင်းမှုပုညပြုပြီးရင် အမျှအတမ်းပေးဝေရတယ်။ ကြားကြားသမျှ လူနတ်ဗြဟ္မာတွေက သာဓုခေါ်ကြတော့ မိမိပြုတဲ့ကုသိုလ်က ဆင့်ပွားကုသိုလ်တွေ ထပ်ရပြန်တာပေ့ါ။ အကျိုးတင်မက အမြတ်တွေပါ တိုးတာနေ့ာ်။ ကောင်းမှုပြုက မုချကောင်းကျိုးရစမြဲပါ။ ကောင်းတာလုပ်နေရင်ကောင်းကျိုးတွေပေါ်ထွက်မှာ နိယာမသဘာဝ။ အထူးပြောစရာမလိုပြီ။ ပုညဆိုတဲ့ ဘုန်းသမ္ဘာကြောင့် ကံအဆင့်ဆင့်မြင့်မှာပဲ။

**၆။ တန်ခိုးသြဇာ၊ ဘယ်ကလာသလဲ**

လူလူချင်းဘယ်လိုအရည်အချင်းရှိရင် လူတွေက သဘောကျနှစ်သက်ကြသလဲ။ စိတ်ရင်းစိတ်ထားကောင်းတဲ့သူ၊ စည်းကမ်းစနစ်ရှိသူ၊ ကျင့်ဝတ်ဥပဒေကို ရိုသေလေးစားတတ်သူ၊ ရဲရင့်သူ၊ သတ္တိရှိသူ၊ စွန့်စားဝံ့သူ၊ စွန့်လွှတ်ရဲတဲ့လူ၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာတရားရှိတဲ့လူ၊ ကူညီစောင့်ရှောက်တတ်တဲ့လူ၊ အများအကျိုးကို ဆောင်တတ်တဲ့သူ၊ ကိုယ်ကျင့်တရားဖြူစင်ဖြောင့်မတ်တဲ့လူ စသဖြင့်ပေ့ါ။ ဒါမျိုးတွေဆို လူတွေက ချစ်ခင်တယ်၊ ယုံကြည်လေးစားတယ်။

**ယုံကြည်ထိုက်အောင် ရိုးသားရမယ်။**
**အားကိုးလောက်အောင် ကြိုးစားရမယ်။**
**အတုယူရလောက်အောင် ဖြူစင်ဖြောင့်မတ်မယ်။**

ဒီလိုလူတွေ တိုးတက်ပွားများ၊ အနယ်နယ်အရပ်ရပ်မှာ လူကောင်းလူတော်တွေ များပြားလာတာနဲ့ အမျှ ကိုယ်တို့နိုင်ငံရဲ့ အနာဂတ်ဟာ တိုးတက်သာယာမြင့်မားလာမယ်။ လူတိုင်းလူတိုင်းဟာ ကိုယ့်ရာဇဝင်ကို ကိုယ်တိုင်ရေးရတာပါ။

# မလေးရှားနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးမှ ဉာဏ်ရည်တုဖွံ့ဖြိုးတိုးတက်မှုဆီသို့

**အောက်တိုဘာ ၃ ရက်မှအဆက်**

**AI နည်းပညာနောက်ကွယ်မှ လူသားအရင်းအမြစ်ကို တည်ဆောက်ခြင်း**

အခြေခံအဆောက်အအုံတစ်ခုတည်းဖြင့် အောင်မြင်သော AI စီးပွားရေးစနစ်ကို ဖန်တီး၍မရနိုင်ပေ။ ကျွမ်းကျင်သော လူသားအရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်သည်။

ထို့ကြောင့် AI နည်းပညာများနှင့်အတူ လုပ်ကိုင်နိုင်စွမ်းရှိသော လုပ်သားအင်အားစုကို မွေးထုတ်ပေးရမည့်စိန်ခေါ်မှုနှင့် အခွင့်အလမ်းတို့ကို မလေးရှားနိုင်ငံအနေဖြင့် ရင်ဆိုင်နေရသည်။ Data Science (အချက်အလက်ဆိုင်ရာ သိပ္ပံပညာ)၊ Machine Learning (စက်သင်ယူမှုနည်းပညာ)၊ Cybersecu-rity (ဆိုက်ဘာလုံခြုံရေး)၊ Software Engineering (ဆော့ဖ်ဝဲအင်ဂျင်နီယာပညာ) နှင့် AI နည်းပညာစီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုများကို မြှင့်တင်ရာတွင် တက္ကသိုလ်များ၊ နည်းပညာဆိုင်ရာ သင်ကြားရေးဌာနများနှင့်ပုဂ္ဂလိကကဏ္ဍကုမ္ပဏီများက အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ပြင် AI နည်းပညာနှင့် ပတ်သက်သော ဗဟုသုတနှင့် နားလည်သဘောပေါက်မှုသည် ကျွမ်းကျင်ပညာရှင်များထက်ကျော်လွန်၍ ပိုမိုကျယ်ပြန့်စွာ ရှိသင့်သည်။ ဆရာ၊ ဆရာမများ၊ အစိုးရအရာရှိများ၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် သာမန်ဝန်ထမ်းများအနေဖြင့် AI နည်းပညာ မည်သို့အလုပ်လုပ်ပုံ၊ ၎င်း၏ကန့်သတ်ချက်များကား အဘယ်နည်း၊ ၎င်းကိုတာဝန်သိစိတ်ဖြင့် မည်သို့အသုံးပြုနိုင်မည်နည်း စသည်တို့ကို နားလည်သဘောပေါက်ရန် ပိုမိုလိုအပ်လာပြီဖြစ်သည်။

နည်းပညာဆိုင်ရာ အသွင်ကူးပြောင်းမှုသည် ရှိရင်းစွဲ လုပ်ငန်းဆောင်တာများကို ရိုးရှင်းစွာ အစားထိုးပစ်မည့်အစားလူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးသင့်သောကြောင့် လူသားဗဟိုပြုချဉ်းကပ်မှုပုံစံသည် အထူးပင်အရေးကြီးသည်။ AI နည်းပညာကြောင့် အလုပ်အကိုင်သဘောသဘာဝများပြောင်းလဲလာချိန်တွင် လုပ်သားများအနေဖြင့် လိုက်လျောညီထွေ ပြောင်းလဲလုပ်ကိုင်နိုင်စေရန်အတွက် ကျွမ်းကျင်မှုအသစ်များ သင်ယူလေ့ကျင့်ခြင်းနှင့် တစ်သက်တာသင်ယူလေ့လာခြင်းတို့က အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**တာဝန်ယူမှုရှိပြီး အားလုံးပါဝင်နိုင်သော AI**

မလေးရှားနိုင်ငံ၏ AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် စီမံအုပ်ချုပ်မှု၊ ကိုယ်ရေးအချက်အလက်လုံခြုံမှု၊ ဆိုက်ဘာလုံခြုံရေးနှင့် တာဝန်သိစွာအသုံးပြုမှုတို့နှင့် ပတ်သက်သည့် မေးခွန်းထုတ်စရာများကိုလည်း ဖြစ်ပေါ်စေသည်။ ထို့ကြောင့် AI နည်းပညာများအပေါ် ယုံကြည်မှုတည်ဆောက်ရာတွင် နိုင်ငံ၏အမျိုးသားအဆင့် AI မဟာဗျူဟာသည် အရေးပါသော အခန်းကဏ္ဍမှပါဝင်နေသည်။

တစ်ဖန်ထိရောက်သော AI စီမံအုပ်ချုပ်မှုစနစ်ရှိခြင်းသည် နည်းပညာတိုးတက်မှုကို နှေးကွေးစေသည်ဟု မဆိုလိုပေ။ ၎င်းအစား ရှင်းလင်းပြတ်သားသော စံနှုန်းများနှင့် တာဝန်သိစွာ လုပ်ဆောင်မှုများသည် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအနေဖြင့် AI ကို ပိုမိုယုံကြည်လာစေပြီး ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာစေရန် အားပေးကူညီနိုင်သည်။




စင်စစ်မလေးရှားနိုင်ငံအနေဖြင့် ဆန်းသစ်တီထွင်မှုနှင့် တာဝန်ယူမှုတို့ကို ပေါင်းစပ်ထားသည့် ချဉ်းကပ်မှုပုံစံတစ်ရပ်ကို ဖော်ဆောင်နိုင်မည့် အခွင့်အလမ်းကောင်းရှိနေသည်။ ကျင့်ဝတ်နှင့်အညီ AI နည်းပညာကို မြှင့်တင်ပေးခြင်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် စမ်းသပ်တီထွင်မှုများကိုပါ အားပေးခြင်းအားဖြင့် ပြည်တွင်းလုပ်ငန်းရှင်များနှင့် နိုင်ငံတကာနည်းပညာကုမ္ပဏီများအတွက် ဆွဲဆောင်မှုရှိသော ပတ်ဝန်းကျင်ကောင်းတစ်ခုကို မလေးရှားနိုင်ငံအနေဖြင့် တည်ဆောက်နိုင်မည်ဖြစ်သည်။

**အရှေ့တောင်အာရှတွင် တိုးတက်လာနေသော အခန်းကဏ္ဍ**

မလေးရှားနိုင်ငံ၏ AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းရှုထောင့်မှ ကြည့်လျှင်လည်းအရေးပါလှသည်။ အရှေ့တောင်အာရှသည် ကမ္ဘာ့အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသော ဒစ်ဂျစ်တယ်ဈေးကွက်များထဲမှ တစ်ခုအဖြစ် ရပ်တည်လာနေပြီဖြစ်သည်။ နိုင်ငံအသီးသီးတို့သည် နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ခြင်း၊ ဒစ်ဂျစ်တယ်ကဏ္ဍ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ခြင်းနှင့် AI စွမ်းဆောင်ရည်များ တည်ဆောက်ခြင်းတို့အတွက် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြသည်။

မလေးရှားနိုင်ငံတွင် အားသာချက်များစွာ ရှိနေသည်။ ၎င်းတို့မှာ ဖွံ့ဖြိုးပြီးဖြစ်သော ကုန်ထုတ်လုပ်မှုအခြေခံအဆောက်အအုံ၊ ခိုင်မာအားကောင်းသည့် ဆီမီးကွန်ဒတ်တာလုပ်ငန်းကဏ္ဍ၊ တိုးတက်ကောင်းမွန်လာနေသော ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ၊ အာရှဒေသအတွင်း ဗျူဟာမြောက် တည်ရှိနေမှုနှင့် AI ကဏ္ဍအတွက် အစိုးရ၏ ပံ့ပိုးကူညီမှုများ တိုးပွားလာခြင်းတို့ဖြစ်ကြသည်။

ထို့ကြောင့် ၎င်း၏ အောင်မြင်မှုသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုထက် ကျော်လွန်၍ သက်ရောက်မှုရှိလာနိုင်သည်။ မလေးရှားနိုင်ငံသည် ကမ္ဘာ့နည်းပညာကုမ္ပဏီကြီးများနှင့် အရှေ့တောင်အာရှ၏ လျင်မြန်စွာ တိုးတက်ကြီးထွားလာနေသော ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများကြား ချိတ်ဆက်ပေးမည့် တံတားတစ်ခုဖြစ်လာနိုင်သည်။

**နိဂုံးချုပ်သုံးသပ်ချက်**

မလေးရှားနိုင်ငံ၏ AI ခရီးစဉ်သည် ရည်မှန်းချက်ထားရှိသည့်အဆင့်မှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သည့်အဆင့်သို့ ပိုမိုတိုးတက်ပြောင်းလဲလာနေပြီဖြစ်သည်။ AI နည်းပညာဆိုင်ရာ လုပ်ငန်းစဉ်အစီအစဉ် ၂၀၂၆-၂၀၃၀ က မဟာဗျူဟာမြောက် လမ်းညွှန်ချက်များကို ချမှတ်ပေးထားသည်။ တစ်ဖက်တွင်လည်း ဆီမီးကွန်ဒတ်တာလုပ်ငန်းများ၊ ဒေတာစင်တာများနှင့် နိုင်ငံတကာနည်းပညာရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လုပ်ဆောင်လာခြင်းက လိုအပ်သော အခြေခံအဆောက်အအုံနှင့် စီးပွားရေးအခြေခံအုတ်မြစ်ကို ဖန်တီးပေးလျက်ရှိသည်။

ထို့ပြင် မူဝါဒ၊ အခြေခံအဆောက်အအုံ၊ စက်မှုလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူသားအရင်းအမြစ်စသည့်အစိတ်အပိုင်းများကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်ပေါင်းစပ်နိုင်ခြင်းသည် နိုင်ငံအတွက် အကြီးမားဆုံးသော အခွင့်အလမ်းတစ်ခုဖြစ်သည်။ တာဝန်ယူမှုရှိသော AI စီမံအုပ်ချုပ်မှုစနစ်ကို ထိန်းသိမ်းထားလျက် ဤအချက်များကို အောင်မြင်စွာ ပေါင်းစပ်နိုင်မည်ဆိုပါက မလေးရှားနိုင်ငံသည် AI နည်းပညာကို အသုံးပြုသူသက်သက်အဖြစ်မှ ဒေသတွင်း AI ဂေဟစနစ်တွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်သူအဖြစ်သို့ ကူးပြောင်းလာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ AI နည်းပညာ ထွန်းကားလာမှုသည် ကမ္ဘာ့စီးပွားရေးကို ပုံစံသစ်တစ်ခုအဖြစ် ပြောင်းလဲစေလျက်ရှိပြီး မလေးရှားနိုင်ငံအနေဖြင့်လည်း ထိုပြောင်းလဲမှုတွင် ပါဝင်ဆောင်ရွက်ရန် ပြတ်သားသော ဆုံးဖြတ်ချက်ရှိပုံရသည်။ ဆီမီးကွန်ဒတ်တာဆိုင်ရာ ကျွမ်းကျင်မှု၊ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံနှင့် နိုင်ငံအဆင့် AI စီမံကိန်းတို့ပေါင်းစပ်ပါဝင်လာမှုကြောင့် ဤဆယ်စုနှစ်ကုန်တွင် မလေးရှားနိုင်ငံသည် အရှေ့တောင်အာရှ၏ အရေးပါသော AI နှင့် နည်းပညာဗဟိုချက်တစ်ခုအဖြစ် ရပ်တည်လာနိုင်ဖွယ်ရှိကြောင်းတင်ပြလိုက်ပါသည်။

**ကိုးကား**

- Malaysia National AI Office. (2026). AI Technology Action Plan 2026–2030. Malaysia National AI Office.
- Reuters. (2026, September 8).Nvidia-backed Firmus signs deal with OpenAI for Malaysia data centre capacity.

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



ပွင့်ဖြူ အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ကေအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၀၆၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလဒုတိယပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၅၅ ဒသမ ၀၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ မြေပဲ ၆၀၆၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေကို လက်ရှိမှာ ကေအားလုံးကို ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးချိန်မှာလဲ လျာထားစိုက်ကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် တစ်နှစ်ထက်တစ်နှစ် စိုက်ကေတွေလဲ တိုးချဲ့စိုက်ပျိုးလာကြတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် မြေပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းများကောင်းမွန်ရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်များကင်းရှင်းစေရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေးတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် -

(က) **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၁၁-၁၀-၂၀၂၆** ရက်နေ့မှ စတင်၍ **၈-၁-၂၀၂၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူအကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

( ခ ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ ၂၀၂၇ ခုနှစ်၊ **ဇန်နဝါရီလ ၁၀ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ်ကျပ် **၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

( ခ ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီးအဖြစ်** ခန့်အပ်တာဝန်ပေးအပ်မည်။

( ဂ ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ နှင့် MOUNT PLEASANT COFFEE




ပင်ရင်းအရောင်းဌာန
ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ထာဝရလှပသောအပြုံးအတွက်
DENTOMEC




Dentist Recommended
FDA အမှတ်-2212 PCE 0013
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၆၉၅၀၉၆၄၃၊ ၀၉ ၇၉၀၉၀၃၄၁
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကုလားကြီးခြံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၊ Grade-6 တန်းတွင် ပညာသင်ကြားနေသော မခင်မီမီထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးထွန်း** ဖြစ်ပါကြောင်း။

**ဦးထွန်း(၉/မတရ(နိုင်)၂၀၃၅၂၇)**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ပညာကြွယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-7 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ဆန်းဦး၏သား မောင်ထက်သူရလင်း၏အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်ထက်သူလင်း** ဖြစ်ပါကြောင်း။ **မောင်ထက်သူလင်း**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ အကွက်အမှတ်(၂၃-စ)၊ ဦးပိုင်အမှတ်(၉)ရှိ မြေကွက်ပေါ်တွင် ဦးဝင်းနိုင်၊ ဒေါ်တင်တင်ဝင်း(၉/မခန(နိုင်)၀၇၉၁၈၁)မှ အလျား (၂၈'-၀")၊ အနံ (၂၅'-၀") RC (၂)ထပ် အဆောက်အဦး ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦး ဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

နမ့်ခမ်းမြို့၊ အမှတ်(၁၀)၊ ဟိုနောင်ရပ်နေ ဒေါ်စိန်ညိုအေး (ဘ) ဦးမောင်စိန်(၁၃/နခန(နိုင်)၀၃၆၄၅၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-733929)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402416261**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့်ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေဝယ်သီရိအားကစားကွင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်လေဆိပ်သို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ ကျင်းပစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)တွင် ပါဝင်တက်ရောက်ကြမည့်အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့၍

**စာမျက်နှာ ၂၂ ကော်လံ ၁** ◆

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၁၂**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍

**စာမျက်နှာ ၂၅ ကော်လံ ၁** ❖



၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားစဉ်။

# တရုတ်အိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ကျန်ကွင်းဝမ် ချန်ပီယံဆု ဆွတ်ခူး



**ပေကျင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် တရုတ်အိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်က ရုရှားတင်းနစ်မယ် အန်ဒရီဗာကို အနိုင်ရပြီး ချန်ပီယံဆုဆွတ်ခူးခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

**စာမျက်နှာ ၂၆ ကော်လံ ၄** ■

# ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ပြီးစီးခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးကို အလုပ်အကိုင်ရရှိရေးအတွက် မလေးရှားနိုင်ငံသို့ စတင်စေလွှတ်

**နေပြည်တော် အောက်တိုဘာ ၁၂**

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးစီးခဲ့သူများအနက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများကို ၎င်းတို့ဆန္ဒပြုသည့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ရေး၊ ထိုသို့ သွားရောက်လုပ်ကိုင်ရာတွင် ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေး၊ဝန်ဆောင်ခများသက်သာစေရေး သို့မဟုတ် အလုပ်ရှင်၏ ကုန်ကျစရိတ်ဖြင့် သွားရောက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်

**စာမျက်နှာ ၂၆ ကော်လံ ၁** ●